ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀:၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀: ၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်ပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁ဝ:ဝ၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂ဝ၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂ဝ၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂ဝ၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁ဝ:ဝ၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂ဝ၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါ့မယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁ဝ:ဝ၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂ဝ၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၂၇-၈-၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အစည်းအဝေးတက်ရောက်ရန်။ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း၊ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးရေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေးနှင့် ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ပဲ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၄)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၅)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၁၉)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်းမပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

**အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နေ့စား/လပေး ဝန်ထမ်းများအား လခစား အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ ယခု စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်မွန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၈။**

**ဦးရဲထွဋ်မွန်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသူအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိတဲ့ နေ့စား/လပေးဝန်ထမ်းတွေကို လခစား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ စပ်လျဉ်းတဲ့မေးခွန်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံမှာ အစိုးရဌာနတွေ၊ ဝန်ကြီးဌာနတွေ၊ ဦးစီးဌာနတွေ၊ စီးပွားရေးအဖွဲ့အစည်းတွေ၊ ဘဏ်တွေ စတဲ့ အစိုးရလက်အောက်ခံဌာနတွေ အများအပြားရှိပါတယ်။ အဲဒီဌာနတွေမှာ ကျွန်တော်တို့ နေ့စား/လပေးနဲ့ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေလည်း သိန်းဂဏန်းရှိနေပါတယ်။ ကျွန်တော်တို့ တချို့သော ဝန်ထမ်းတွေဆိုလို့ရှိရင် ပညာအရည်အချင်းအနေဖြင့် ဆယ်တန်းအောင်ကနေပြီး ဘွဲ့ရသည်အထိရှိပါတယ်။ နောက်ပြီး ဝန်ထမ်းတွေဟာ နေ့စားဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ကာလကလည်း ကျွန်တော်တို့ တချို့ဆိုရင် (၁၀)နှစ်၊ (၁၂)နှစ်ရှိနေပါပြီ။ အဲဒီလို ဝန်ထမ်းတွေဟာ နေ့စားအဖြစ်နဲ့နေနေရတာ ကာလကြာလေ သူတို့နစ်နာလေပဲဖြစ်နေပါတယ်။ နေ့စားဝန်ထမ်းဆိုတာ အမြဲတမ်းဝန်ထမ်းလို အခွင့်အရေးမရပါဘူး။ ကျွန်တော်တို့ Promotion ခံစားခွင့်မရှိပါဘူး။ ရှောင်တခင်ခွင့် (Casual Leave)မရပါဘူး။ နောက်လုပ်သက်ခွင့် (Earned Leave)တွေ၊ (Medical Leave) ဆေးခွင့်တွေမရပါဘူး။ နောက်ပြီး ပင်စင်ခံစားခွင့်တွေလည်း မရပါဘူး။

အဲဒီတော့ ဝန်ထမ်းတွေဟာ အသက်ကြီးရင့်လာတာနဲ့အမျှ အသက် (၃၀)ကျော်လာမယ်ဆိုရင် ဝင်ပေါက်ရာထူးတွေမှာ အသက်ကန့်သတ်ချက်တွေရှိပါတယ်။ အဲဒီတော့ နေ့စားအဖြစ် ကာလကြာတာနှင့်အမျှ သူတို့အနေနဲ့ နစ်နာလေဖြစ်ပါတယ်။ အဲဒီဝန်ထမ်းတွေကို ကျွန်တော်တို့က အမြဲတမ်းဝန်ထမ်းအဖြစ်ပေးဖို့ အစိုးရအနေနဲ့ အစီအစဉ် ရှိ/မရှိ၊ ပေးလည်း ပေးသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် လွှတ်လပ်ရေး ပထမခေတ်ဦးမှာတုန်းက အစိုးရဌာနတွေမှာ (Temporary Staff) ယာယီဝန်ထမ်းနှင့် (Permanent Staff) အမြဲတမ်းဝန်ထမ်းဆိုတာရှိပါတယ်။ စလုပ်လုပ်ချင်း (Temporary) ယာယီဝန်ထမ်းအဖြစ် လုပ်ရပါတယ်။ ယာယီဝန်ထမ်း

တွေက အမြဲတမ်းဝန်ထမ်းလို ခံစားခွင့်တွေ (Service) တွေမရပါဘူး။ ဒါပေမဲ့ ၁၉၆၂၊ ၁၉၆၃ ခုနှစ်လောက်မှာ ကျွန်တော်တို့ တော်လှန်ရေးကောင်စီ မ-ဆ-လ အစိုးရ တက်တဲ့အချိန်မှာ (Temporary Staff) ဒီယာယီဝန်ထမ်းဆိုတာကို ဖျက်သိမ်းလိုက်ပြီး အစိုးရဝန်ထမ်းများအားလုံးကို အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ခဲ့ပါတယ်။ ဒါ Order ထုတ်ပြီးတော့ အလားတူပဲ နောက်ပိုင်းမှာလည်း နေ့စားဝန်ထမ်းတွေဆိုတာ ရှိနေတယ်။ ကျွန်တော် စောစောကပြောသလိုပဲ သူတို့ ဒီနေ့ထိ (၁၀)နှစ်၊ (၁၂)နှစ် ရှိတဲ့အထိ နေ့စားအဖြစ်ကနေ မတက်ဘဲနဲ့ မျှော်လင့်ချက်ကင်းမဲ့နေတာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ အစိုးရ၊ သက်ဆိုင်ရာဌာနတွေအနေနဲ့ တစ်စုံတစ်ရာလုပ်ပေးဖို့လိုမယ်လို့ ယူဆပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၁။**

**ဦးစောဗယ်လင်တိုင်း(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ရဲ့ အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိတဲ့ နေ့စား/လပေး ဝန်ထမ်းများအား လခစားအမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနနှင့် ပေါင်းစပ်ပြီးတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ယူ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများတွင် လက်ရှိကျင့်သုံးလျက်ရှိတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၃၀-၇-၂၀၂၀ ရက်စွဲဖြင့် ထုတ်ပြန်ထားတဲ့ အမိန့်ကြော်ငြာစာအမှတ်(၆၈/၂၀၂၀)ပါ နိုင်ငံ့ဝန်ထမ်းခန့်ထားခြင်းဆိုင်ရာ မူဝါဒများအနက် ဝန်ထမ်းသစ်များ ခန့်ထားခြင်းဆိုင်ရာ မူဝါဒများကို ထုတ်နုတ်၍ ရှင်းလင်းတင်ပြလိုပါတယ်။

ဝန်ထမ်းသစ်များ ခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာ အပိုဒ် ၂၁ မှာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများသည် အတည်ပြု

ထားသည့် ဖွဲ့စည်းပုံအင်အားအတွင်း ဌာနအလိုက် လိုအပ်တဲ့ဝန်ထမ်းအင်အားကို တိကျစွာတွက်ချက်သတ်မှတ်ပြီး သတ်မှတ်ထားသည့်အတိုင်း ခွင့်ပြုချက်တောင်းခံ၍ ခန့်အပ်ဆောင်ရွက်ရန်ပါရှိပါတယ်။ ထို့အတူပဲ အပိုဒ် ၂၂ မှာ ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရပြီး လုပ်ငန်းတာဝန်များပြားတဲ့ဌာနများ၊ နိုင်ငံတကာဆက်ဆံရေးမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်နေရတဲ့ဌာနများနှင့် နိုင်ငံတော်ဘဏ္ဍာငွေ ရရှိရေးအတွက် ဆောင်ရွက်နေတဲ့ဌာနများအနေနဲ့ လိုအပ်နေတဲ့ဝန်ထမ်းကို မဖြစ်မနေခန့်အပ်ရမည့် ဝန်ထမ်းများဖြစ်ပါက ဌာန၏လုပ်ငန်း တိုးတက်ဆောင်ရွက်နိုင်မှုအပေါ်မူတည်၍ ခန့်အပ်ထားရေး ဆောင်ရွက်ရန်ဟူ၍လည်းကောင်း၊ အပိုဒ် ၂၅ မှာတော့ဝန်ထမ်းသစ်ခန့်ထားတဲ့နေရာမှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ စတင်ခန့်ဝင်ပေါက်ရာထူးများအတွက် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်ဟူ၍လည်းကောင်း၊ အပိုဒ် ၂၇ မှာတော့သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းသည် ရာထူး၏လုပ်ငန်းသဘာဝအလိုက် အနည်းဆုံးလိုအပ်တဲ့ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်းတို့ကို ယင်းတို့၏ လိုအပ်ချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ သတ်မှတ်ရန်ဟူ၍လည်းကောင်း၊ အပိုဒ် ၂၈ မှာတော့ ဝန်ထမ်းသစ်တစ်ဦးခန့်ထားရာတွင် ရရှိမယ့်ရလဒ်နှင့် ကုန်ကျစရိတ်ကို နှိုင်းယှဉ်ရန်၊ ပင်စင်လစာ ကျခံရမည့်စရိတ်တို့ကိုပါတွက်ချက်၍ ဘဏ္ဍာငွေသုံးစွဲရမည့် ရှုထောင့်မှလည်း သုံးသပ်ဆောင်ရွက်ရန်ဟူ၍လည်းကောင်း၊ အပိုဒ် ၂၉ မှာတော့ ဝန်ထမ်းသစ်ခန့်ထားခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တိုက်ရိုက်တင်ပြပြီး ခွင့်ပြုချက်ရရှိမယ်ဆိုလို့ရှိရင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်ဟူ၍လည်းကောင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားထားရှိပါတယ်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများတွင် ဖွဲ့စည်းပုံပါစတင်ခန့်ရာထူးများအတွက် လစ်လပ်သဖြင့် ဝန်ထမ်းသစ်များခန့်ထားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခွင့်ပြုချက်ရယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများသည် စတင်ခန့်ရာထူးများအတွက် သတ်မှတ်အရည်အချင်းများနဲ့ ပြည့်စုံသူ ပြင်ပပုဂ္ဂိုလ်များအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅ မှ နည်းဥပဒေ ၂၂ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်း၍ ယှဉ်ပြိုင်ရွေးချယ်သည့်စနစ်ဖြင့် ရွေးချယ်ခန့်ထားအပ်ပါကြောင်း ယင်းသို့ခန့်ထားရာတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံတဲ့ နေ့စား/လပေး ဝန်ထမ်းများအားလည်း ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုစေ၍ ရွေးချယ်ခန့်ထားခြင်းများကို ဆောင်ရွက်နေပါကြောင်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီး မေးမြန်းထားတဲ့ အစိုးရဌာနများတွင် တာဝန်ယူထမ်းဆောင်လျက်ရှိတဲ့ နေ့စား/လပေး ဝန်ထမ်းများအား လခစား အမြဲတမ်းဝန်ထမ်းများအဖြစ်ခန့်ထားပေးရန်နှင့်စပ်လျဉ်း၍ ဌာန၏ လုပ်ငန်းလိုအပ်ချက်နဲ့ ရာထူးနေရာလစ်လပ်မှုအပေါ်မူတည်၍သတ်မှတ်အရည်အချင်းများနဲ့ကိုက်ညီပြီး လုပ်ငန်းစွမ်းဆောင်ရည်ရှိတဲ့ နှစ်ရှည်လများ ထမ်းဆောင်နေကြတဲ့ နေ့စား/လပေးများကို အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်နိုင်ရန် နိုင်ငံ့ဝန်ထမ်းခန့်ထားခြင်း

ဆိုင်ရာမူဝါဒများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူကာ ဆောင်ရွက်လျက်ရှိပါကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့်ပေါင်းစပ်ပြီးတော့မှ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ဘူတာကျေးရွာအုပ်စုရှိ ပဲပြစ်တော– ချောင်းဦး နွယ်ခွေလမ်းရှိ ပေ(၂၀)ကျယ်ဝန်းသော ရေကျော်နေရာတွင် ချောင်းကူးကွန်ကရစ်ရေကျော် ပြုလုပ် ပေးရန်အတွက် ၂၀၂၀ –၂၀၂၁ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၆။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော် ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ချောင်းဦးမြို့နယ်၊ ဘုတလင်မြို့နယ်၊ အရာတော်မြို့နယ်၊ မုံရွာမြို့နယ် စသည့် လေးမြို့နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ဘူတာကျေးရွာအုပ်စုတွင်ရှိသော ပဲပြစ်တော – ချောင်းဦး – နွယ်ခွေလမ်းရှိ ပေ(၂၀)ကျယ်ဝန်းသော ရေကျော်နေရာတွင် ချောင်းကူးကွန်ကရစ် ရေကျော်ပြုလုပ်ပေးနိုင်ရေးအတွက် ၂၀၂၀ – ၂၀၂၁ ဘတ်ဂျက်မှာ ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ် ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြတောင်းခံတဲ့ ပဲပြစ်တော – ချောင်းကူး ကွန်ကရစ် ရေကျော်နေရာဟာ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ဘူတာကျေးရွာအုပ်စု၊ ပဲပြစ်တော–

ချောင်းဦး – နွယ်ခွေလမ်းမှာ ပေ(၂၀)အကျယ်အဝန်းရှိတဲ့ ရေကျော်ဖြစ်ပါတယ်။ အဲဒီနေရာဟာ မိုးရွာတဲ့အခါတိုင်း ဖြတ်သန်းသွားလာရတာ လုံးဝအဆင်မပြေပါဘူး။ ပတ်ဝန်းကျင် ကျေးရွာများဟာ အဲဒီရေကျော်နေရာကနေမှ ဖြတ်သန်းသွားလာဖို့ တစ်နေရာပဲရှိပါတယ်။ အဲဒီနေရာဟာ မိုးရွာတဲ့အခါမှာ များစွာခက်ခဲတာ တွေ့နေရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီရေကျော်နေရာကို ချောင်းကူးကွန်ကရစ်ရေကျော် ပြုလုပ်ပေးမယ်ဆိုရင် အမြဲတမ်းသွားလာအသုံးပြုနေကြတဲ့ လှည်းဒါးကျေးရွာနဲ့ ၎င်းကျေးရွာအုပ်စုမှာရှိကြတဲ့ ကျေးရွာများ၊ ဗန်စီကျေးရွာနဲ့ ၎င်းကျေးရွာအုပ်စုမှာရှိကြတဲ့ကျေးရွာများ၊ အိုင်နီကျေးရွာ၊ ကျောက်တန်းကျေးရွာနဲ့ ချောင်းမကျေးရွာ၊ ဘူတာကျေးရွာ စတဲ့ပတ်ဝန်းကျင်ပြည်သူများအတွက် များစွာအဆင်ပြေမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ တောနေကျေးလက်ပြည်သူများဟာ အဓိကအားဖြင့် လမ်းကောင်း၊ ရေကျော်ကောင်းဖို့သာ များစွာအရေးကြီးပါတယ်။ ဒါမှနေ့စဉ်နေ့တိုင်း မြို့နဲ့ သွားလာဆက်သွယ်တဲ့အခါမှာ ကုန်စည်များ တင်ပို့တဲ့အခါမှာ အဆင်ပြေမှာဖြစ်ပါတယ်။ အဲဒီလို အဆင်ပြေမှ တောနေကျေးလက်ပြည်သူများရဲ့ နေ့စဉ်ဘဝဟာ ပိုမိုအဆင်ပြေလာမှာဖြစ်ပါတယ်။ အဲဒါကြောင့် အမှန်တကယ်လိုအပ်နေတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ဘူတာကျေးရွာအုပ်စု၊ ပဲပြစ်တော – ချောင်းဦး – နွယ်ခွေလမ်းမှာရှိတဲ့ ပဲပြစ်တော – ချောင်းကူးကွန်ကရစ် ရေကျော် အမြန်ဆုံးပြုလုပ်ပေးနိုင်ရန်အတွက် ၂၀၂၀ – ၂၀၂၁ ဘတ်ဂျက်မှာ ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၉။**

**ဒေါက်တာကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်း

ဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ဘူတာကျေးရွာအုပ်စုရှိ ပဲပြစ်တော - ချောင်းဦး - နွယ်ခွေလမ်းရှိ ပေ(၂၀)ကျယ်ဝန်းသော ရေကျော်နေရာတွင် ချောင်းကူးကွန်ကရစ် ရေကျော်ပြုလုပ်ပေးရန်အတွက် ၂၀၂၀ - ၂၀၂၁ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြား သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ဘူတာကျေးရွာအုပ်စုအတွင်းရှိ ပဲပြစ်တော - ချောင်းဦး - နွယ်ခွေလမ်းပေါ်ရှိ ပေ (၂၀)ကျယ်ဝန်းသော ရေကျော်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းပေါ်၌ တည်ရှိသော ရေကျော်ဖြစ်ပါတယ်။ အဆိုပါလမ်းသည် အရှည်(၆)ဖာလုံရှိသော မြေသားလမ်းဖြစ်ပြီးတော့ ကျေးရွာ(၂)ရွာ၊ လူဦးရေပေါင်း (၁၇၀၀)ကျော်ကို အကျိုးပြုသည့်လမ်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ချောင်းကူးရေကျော်သည် လမ်းအဆင့်သတ်မှတ်ချက် Class (B) ဦးစားပေးအဆင့်(၂) လမ်းပေါ်မှာတည်ရှိပါတယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့တွင် အဆင့်မီ မြို့ပြရေပေးဝေရေးစနစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၀။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကျွန်တော်၏ မဲဆန္ဒနယ်မြေအတွင်းရှိ ပြည်သူလူထုများ၏ အကျိုးစီးပွားအတွက် ယနေ့မြို့အသီးသီးတွင် ကြုံတွေ့နေရတဲ့ သောက်သုံးရေရရှိရေးကိစ္စနှင့် စပ်လျဉ်း၍ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ သဘာဝရေထွက်အရင်းအမြစ်များ၊ စိမ့်စမ်းရေများ ပေါများတဲ့ဒေသ ဖြစ်ပါတယ်။ ဒီလိုရှိတဲ့

သဘာဝအရင်းအမြစ်များကို ဒေသခံပြည်သူလူထုများနဲ့ အတူတကွ မျှဝေခံစားနိုင်ရန် ရည်ရွယ်ပြီး ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ လောက်ကိုင်မြို့သည် မြို့ပေါ်ရပ်ကွက်(၃)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားသော်လည်း အုပ်စုသုံးခုနှင့် တစ်ဆက်တစ်စပ်တည်းရှိနေပြီး အိမ်ခြေ(၁၀၀၀၀)ကျော် လူဦးရေ(၁၀၀၀၀၀)နီးပါး ရှိနေပါတယ်။ လောက်ကိုင်မြို့သည် ကျွန်တော်တို့ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသရဲ့ ရုံးစိုက်ရာမြို့တော်လည်းဖြစ်တဲ့အတွက်ကြောင့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ရဲ့ စံနမူနာမြို့တော်ဖြစ်လာနိုင်အောင် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ယခု လက်ရှိ လောက်ကိုင်မြို့တွင် ကိုးကန့်ဆွေကုမ္ပဏီ၊ ဖူလီလိုက်ကုမ္ပဏီနဲ့ ပယ်စိမ်းကုမ္ပဏီတို့မှ ရေမီတာ စနစ်ဖြင့် မိမိနီးစပ်ရာ ရေပေးဝေမှုများလုပ်နေပါတယ်။

သို့ရာတွင် မြို့ပြဧရိယာအတွင်း လုံလောက်စွာ မဖြန့်ဝေနိုင်ပါ။ နွေရာသီကာလများတွင် ရေအသုံးပြုမှုပြဿနာများ ရင်ဆိုင်နေရဆဲဖြစ်နေပါတယ်။ နောင်တိုးလာမည့် လူဦးရေနှင့် လောက်ကိုင် မြို့ပြဧရိယာတစ်ခုလုံး ရေလုံလောက်စွာ ဖြန့်ဝေနိုင်ရန်အတွက် လောက်ကိုင်မြို့နဲ့ (၂၁)မိုင်ခန့် ကွာဝေးတဲ့ တာရွှေထန်ကျေးရွာအုပ်စု၊ နန့်ပါးဟော်ကျေးရွာအနီးမှာ ရေအရင်းအမြစ်ကို သွယ်တန်း နိုင်ရန် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ ကွင်းဆင်း ဆောင်ရွက်ထားပြီးလည်းဖြစ်ပါတယ်။ အချင်းလက်မ (၂၀)သံပိုက်ဖြင့် သွယ်တန်းမှာဖြစ်ပြီး ကျပ်(၃၀) ဘီလီယံ ကုန်ကျမှာဖြစ်ပါတယ်။ မြို့နယ်စည်ပင်သာယာရေးမှလည်း မြို့ရေပေးရေး စီမံကိန်း လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ခြင်းမရှိပါသဖြင့် အများပြည်သူ ညီတူညီမျှ ရေအသုံးချခွင့်ရရှိရန် အောက်ပါမေးခွန်းများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် အဆင့်မီ မြို့ပြရေပေးရေးစနစ်တစ်ခု ပေါ်ပေါက်လာစေရန် နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက် ပေးမည့် အစီအစဉ်ကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၃။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးကျော်နီနိုင် ရဲ့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း လောက်ကိုင်

မြို့မှာ အဆင့်မီမြို့ပြရေပေးဝေရေးစနစ် ဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လောက်ကိုင်မြို့ သောက်သုံးရေရရှိဖို့အတွက် လက်ရှိအခြေအနေမှာ မြို့ပေါ်ရပ်ကွက်(၃)ခုအတွက် ကုမ္ပဏီ(၃)ခုကနေပြီးတော့ ရေမီတာတပ် ပိုက်လိုင်းရေသွယ်စနစ်နဲ့ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရပါတယ်။ သို့သော်လည်းပဲ မြို့ပေါ်ရပ်ကွက်အတွင်းမှာနေထိုင်ကြတဲ့ လူဦးရေတိုးပွားလာမှုအခြေအနေနဲ့ နွေရာသီရောက်လာတဲ့အချိန်အခါမှာ ရေထွက်တွေ လျော့နည်းလာတဲ့အတွက်ကြောင့် ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်မှုမရှိကြောင်း ဒေသမှာရှိတဲ့ မိမိတို့ရဲ့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီး ကွင်းဆင်းစစ်ဆေး တင်ပြလာမှုရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ကျေးလက်ဒေသတွေမှာ သောက်သုံးရေရရှိရေးအပြင် မြို့ရေရရှိရေးလုပ်ငန်းတွေနှင့် ပတ်သက်ပြီး လုပ်ငန်းများကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်ရတဲ့ ဦးစီးဌာန Executing Agency အဖြစ် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြို့ရေရရှိရေးလုပ်ငန်းတွေကို JICA ODA Loan ချေးငွေနဲ့ ၂၀၁၃ – ၂၀၁၄ ဘဏ္ဍာရေးနှစ်ကစပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွေရဲ့ ကြီးကြပ်မှုနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ JICA Loan နဲ့ ဆောင်ရွက်တဲ့အခါမှာ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးမှု စီမံကိန်း အဆင့်(၁)နဲ့ မြို့နယ်ပေါင်း(၂၃)မြို့နယ်မှာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးလည်းဖြစ်ပါတယ်။ လက်ရှိအချိန်မှာ စီမံကိန်းအဆင့်(၂)အနေနဲ့ မြို့နယ်ပေါင်း(၂၂)ခုမှာ စတင်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ JICA နဲ့ မြို့ရေပေးဝေရေးမှာပါဝင်တဲ့ ဒေသတွင်း အခြေခံအဆောက်အအုံ မြှင့်တင်ရေးစီမံကိန်း အစီအစဉ်တွေမှာလည်း မြို့နယ်ပေါင်း(၁၀)မြို့မှာ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်းပဲ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ JICA ODA Loan ချေးငွေနဲ့ တင်ပြခဲ့တဲ့ စုစုပေါင်းမြို့(၅၅)မြို့တွင် မြို့ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော်လည်းပဲ လောက်ကိုင်မြို့ ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နိုင်ဖို့အတွက် လျာထားချက်မှာ ပါဝင်ခြင်းမရှိခဲ့ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ လောက်ကိုင်မြို့မှာ အဆင့်မီမြို့ပြရေပေးဝေရေးစနစ်ဆောင်ရွက်ပေးဖို့နဲ့စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ လုပ်ငန်းများဖြစ်မြောက်နိုင်မှု ရှိ/မရှိ Feasibility Survey တိုင်းတာခြင်းလုပ်ငန်းတွေကို JICA နဲ့ ပူးပေါင်းပြီး နည်းပညာအကူအညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးမှာပဲဖြစ်ပါတယ်။ လက်ရှိမှာ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ကတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနအတွက် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်ရဲ့ရန်ပုံငွေ လျာထားချက်ဟာ ကျပ်(၁၀၆)သန်းသာရှိတဲ့အတွက် စည်ပင်

သာယာရေးဌာနရဲ့ ဘတ်ဂျက်တစ်ခုတည်းအနေနဲ့ ဆောင်ရွက်ဖို့ ရန်ပုံငွေလုံလောက်မှုမရှိတဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိဒေသအတွင်း ရေရရှိရေးအတွက် ရေအရင်းအမြစ် ရှိမယ့်နေရာတွေကို မိမိတို့ ကွင်းဆင်းဆောင်ရွက်ဖို့ စီမံထားပြီးဖြစ်ပါတယ်။ ဒီ Feasibility Survey လုပ်ငန်းကို မိမိတို့ အောက်တိုဘာလမှာ ဆောင်ရွက်ပေးပါမယ်။ လက်ရှိကုမ္ပဏီ(၃)ခုကနေပြီး ပေးတဲ့ ရေအရင်းအမြစ်တွေဟာလည်း (၁၀)မိုင်ကနေ(၂၀)မိုင် အကွာအဝေးမှာရှိတဲ့ ရေအရင်းအမြစ်နေရာတွေ ဖြစ်ပါတယ်။ ရေမြေအခြေအနေကလည်းပဲ ကျောက်မှာအလွှာရှိပြီးတော့ ရေအောင်းလွှာတွေမရှိတဲ့ အတွက် မြေအောက်ရေလည်း ရရှိနိုင်တဲ့အနေအထားမျိုး မဖြစ်တဲ့အတွက်ကြောင့် အကြမ်းဖျင်း ခန့်မှန်းရရှိပါတယ်။

ဒါကြောင့် ဒေသတွင်းမှာရှိတဲ့ရေထွက်တွေမှာ လျှိုပိတ်ဆည်တမံတွေ ဆောင်ရွက်ပေး နိုင်မှုအခြေအနေ ရှိ/မရှိ ဒီ Feasibility Survey လုပ်ငန်းကိုလည်းပဲ မိမိတို့လုပ်ငန်းမှာရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကနေ အောက်တိုဘာလမှာ ကွင်းဆင်းဆောင်ရွက်သွားဖို့ စီမံထားပြီးဖြစ်ပါတယ်။ ဒီလို လျှိုပိတ်ဆည်တွေ ရဖို့အတွက် ပူးပေါင်းဆောင်ရွက်တဲ့အခါမှာလည်းတွေ့ရှိရတဲ့ အချက်အလက်တွေပေါ်မူတည်ပြီး လိုအပ်လာမယ့် ရန်ပုံငွေအပိုင်းကိုလည်း (၂)ပိုင်း မိမိတို့ စိစစ်ဆောင်ရွက်သွားပါမယ်။ JICA နဲ့ ဆောင်ရွက်သွားမယ့် လာမယ့်အစီအစဉ်တွေထဲမှာ ထည့်သွင်းဆောင်ရွက်သွားနိုင်ဖို့လည်း ညှိနှိုင်း ဆွေးနွေးပေးပါမယ်။ တစ်ခုကတော့ ကျွန်တော်တို့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်မယ့် အပိုင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း သက်ဆိုင်ရာ အဖွဲ့အစည်းကနေပြီး လုပ်ထုံး လုပ်နည်းနဲ့အညီ တင်ပြလာပါက မိမိတို့အနေနဲ့ စိစစ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လုပ်ငန်းအကောင်အထည်ဖော်တဲ့ Logistics အပိုင်းမှာ ဒေသက ပူးပေါင်းဆောင်ရွက်ပေးနိုင်ဖို့ အတွက်တင်ပြရင်း မိမိရဲ့ဖြေကြားချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း လာရောက်ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးအား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကိုယ်စား ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ကျွန်တော်တို့ လောက်ကိုင်မြို့မှာ နွေရာသီကာလမှာ ပြည်မမှ လာရောက် အလုပ်လုပ်ကိုင်ကြသူများက (၃၀၀၀၀)ကျော်ရှိတယ်။ ဒေသခံလုပ်သားတွေက (၂၀၀၀၀) ကျော်ရှိတယ်။ ကျွန်တော်တို့ ဒေသခံပြည်သူက (၃၀၀၀၀)ကျော်ရှိတယ်။ ဧည့်သည်တွေ အကုန်လုံး ပေါင်းလို့ရှိရင်တော့ စုစုပေါင်း (၁၀၀၀၀၀)ကျော်ရှိနေပါတယ်။ ရေလည်း အမှန်တကယ် အခက်အခဲ တွေဖြစ်နေတယ်။ ကျွန်တော်တို့ သောက်သုံးရေရရှိရေးအတွက် အချင်း(၂၀)လက်မသံပိုက်နဲ့ (၂၁)မိုင် ကွာဝေးမယ့်နေရာကို ကျွန်တော်တို့ သွားကြည့်ထားပါပြီ။ ကျွန်တော်တို့ ခန့်မှန်းကုန်ကျငွေက (၃၀)ဘီလီယံ ကုန်ကျမှာဖြစ်ပါတယ်။ လောက်ကိုင်မြို့ ရေရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ နိုင်ငံခြားချေးငွေ သို့မဟုတ် နိုင်ငံတော်၏ အထူးရန်ပုံငွေဖြင့် ဟားခါးနှင့် ဖလမ်းကဲ့သို့ စီမံကိန်း

မတည်ငွေ ကျပ်(၆)ဘီလီယံ လျာထားပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။ အားလုံး ကျေးဇူး တင်ပါတယ်။

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး၏ ဆက်စပ်မေးခွန်း အပေါ်မှာ ပြန်လည်ဖြေကြားပေးပါမယ်။ လောက်ကိုင်မြို့ ရေရရှိရေးအတွက် လတ်တလောအခြေအနေမှာ အဆင့်မီမြို့ပြရေပေးရေးလုပ်ငန်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးတဲ့ အနေအထားဖြစ်သော်လည်းပဲ မြို့ရေပေးရေးလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေတဲ့ မိမိတို့ရဲ့ Development Partner ဖြစ်တဲ့ JICA နဲ့ ဆောင်ရွက်တဲ့အခါမှာ ဆက်လက်ဆောင်ရွက်ရမယ့် အစီအမံတွေမှာ ကျွန်တော်တို့ ညှိနှိုင်း ဆောင်ရွက်ပေးနိုင်မယ့်အနေအထားဖြစ်ပါတယ်။ မိမိ ပထမပိုင်းမှာလည်း ဖြေကြားပြီးဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ရေရရှိရေးအတွက် နိုင်ငံတော်အစိုးရက အထူးရန်ပုံငွေနဲ့ ပတ်သက်ပြီး ဆက်စပ်မေးခွန်းမှာ ကိုယ်စားလှယ်ကြီး မေးသွားတဲ့ဟာလေးလည်း သိရှိရပါတယ်။ ယင်းနှင့် စပ်လျဉ်းပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ တင်ပြလာရင် ကျွန်တော်တို့က ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီး ခွင့်ပြုချက်ရရှိရေးနဲ့ တစ်ပြိုင်တည်း မြို့ပြရေပေးရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ့်အခြေအနေရှိပါကြောင်း ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁ဝ:၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးမေးမြန်းတဲ့ မေးခွန်းများဟာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်း တွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**၂ဝ၁၉ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့သည်မှာ တစ်နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေ မထွက်ရှိသေးသည့်ကိစ္စနှင့် စပ်လျဉ်း၍ ရေးဆွဲဆောင်ရွက်နေမှု အခြေအနေနှင့် အချိန်မည်မျှကြာအောင် ဆက်လက်ရေးဆွဲမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁ဝ:၃ဝ။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၀။**

**ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။**  ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က တော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟ ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ ကော်မတီကတင်သွင်းတဲ့ ကျောက်မျက်ရတနာနည်းဥပဒေ မထွက်ရှိနိုင်သေးတဲ့ ကိစ္စနဲ့စပ်လျဉ်းပြီး မေးခွန်းမေးမှာဖြစ်တဲ့အတွက် Power Point အသုံးပြုခွင့်ပေးရန် တောင်းခံအပ် ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ သဘာဝသယံဇာတ ပေါကြွယ်ဝတဲ့နိုင်ငံဖြစ်တဲ့အတွက် ရွှေ၊ ငွေ၊ ကြေးနီ၊ ခဲ၊ သွပ်၊ သစ်တောနဲ့ ဇီဝမျိုးစုံမျိုးကွဲတွေ ပေါ်များ တဲ့နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့ ကမ္ဘာပေါ်မှာ တခြားနိုင်ငံတွေမှာမတွေ့ရတဲ့ ကျောက်မျက်ရတနာ ဟာ ပိုပြီးထင်ထင်ရှားရှားရှိပါတယ်။ အဲဒီ ကျောက်မျက်ရတနာထဲမှာမှ ကျောက်စိမ်းနဲ့ ပတ္တမြား ထွက်တဲ့ နေရာတွေက ကမ္ဘာ့တခြားနေရာတွေမှာ မထွက်တဲ့အတွက် ပိုပြီး ထင်ထင်ရှားရှားသိသာ ပါတယ်။ ကျောက်မျက်နဲ့ ပတ်သက်ပြီး ရှေးမြန်မာဘုရင်တွေလက်ထက် တစ်လျှောက်လုံးမှာ ကျွန်တော်တို့ ဥပဒေတွေရှိခဲ့ပါတယ်။ ကျောက်စိမ်း၊ ပတ္တမြားနဲ့ ပတ်သက်ပြီး Jade Law, Ruby Law တို့ရှိခဲ့ပေမယ့် တကယ်တမ်း အစိုးရအနေနဲ့ တရားဝင်ရှိခဲ့တာဟာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၂၉-၉-၁၉၉၅ ရက်နေ့မှာမှ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေဆိုပြီး ပြဋ္ဌာန်း နိုင်ခဲ့ပါတယ်။

၄-၁၀-၁၉၉၅ ရက်နေ့မှာ တစ်ဆက်တည်းပဲ မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေ ကိုပါ ပြဋ္ဌာန်းနိုင်ခဲ့တဲ့အတွက် အဲဒီဥပဒေအတိုင်း ကျင့်သုံးလက်ခံပြီးတော့မှ ဆောင်ရွက်နိုင်ခဲ့ ပါတယ်။ အဲဒီ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ၂၀၀၃ ခုနှစ်၊ နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်မှာ ဥပဒေကို ပထမအကြိမ် ပြင်ဆင်ပြဋ္ဌာန်းမှုပြုခဲ့ပါတယ်။ နောက်တစ်ခါ လွှတ်တော်သက်တမ်း ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ် ပထမအကြိမ် လွှတ်တော် သက်တမ်းမှာ အမျိုးသားလွှတ်တော်က (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလမှာ ဒုတိယ အကြိမ် ပြင်ဆင်တဲ့ဥပဒေကို ၁၉-၁-၂၀၁၆ ရက်နေ့ အဲဒီ ပထမအကြိမ် လွှတ်တော်သက်တမ်း အကုန်မှာ ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ အဲဒီပြဋ္ဌာန်းထားတဲ့ဟာကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှာ ကျွန်တော်တို့ ကော်မတီ ရောက်တဲ့အချိန်မှာ ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးကာလ ၂၂-၉-၂၀၁၆ ရက်နေ့ကျတော့

တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်း အဆိုကို အမျိုးသားလွှတ်တော်မှာ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအနေနဲ့ ကျွန်တော်တို့ တင်သွင်းခဲ့ပါတယ်။

အဲဒါကြောင့် တင်သွင်းခဲ့တဲ့ ဥပဒေက တစ်နှစ်အတွင်းမှာလည်းပဲ ဖြစ်နေတယ်။ ၂၀၁၆ ခုနှစ်အတွင်းမှာ ကျွန်တော်တို့ တင်သွင်းတာလည်းဖြစ်နေတယ်။ ဥပဒေကလည်း တစ်ဆက်တစ်စပ်တည်း ပြင်ဆင်ချက်တွေရှိနေတဲ့အတွက် အဲဒီအဆိုကို ဥပဒေကြမ်းနဲ့ ညှိနှိုင်းပြီးတော့မှ ၁၅-၂-၂၀၁၇ ရက်နေ့မှာ ၎င်းအဆိုကို ပြန်လည်ရုပ်သိမ်းရန် လွှတ်တော်ကို တင်သွင်းခဲ့တယ်။ ၁၅-၂-၂၀၁၇ ရက်နေ့မှာပဲ ထပ်မံပြီး ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ (မူကြမ်း)ကို လွှတ်တော်ကို ပြန်လည်တင်သွင်းခဲ့ပါတယ်။ အဲဒီတော့ ဥပဒေကို လွှတ်တော်ကို ပြန်လည်တင်သွင်းခဲ့တဲ့ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလ ၃၀-၁-၂၀၁၉ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ကျွန်တော်တို့ ပြဋ္ဌာန်းနိုင်ခဲ့ပေမယ့် ဥပဒေရေးဆွဲနေတဲ့အခါမှာ အဲဒီ ဥပဒေထွက်လာပြီးရင် နည်းဥပဒေထွက်ဖို့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို ၂၈-၂-၂၀၁၉ ရက်နေ့မှာ ပထမတစ်ကြိမ် နည်းဥပဒေထွက်ရှိနေတဲ့ အခြေအနေကို မေးမြန်းခဲ့ပါတယ်။ ၂၉-၈-၂၀၁၉ ရက်နေ့မှာ ဒုတိယအကြိမ် ထပ်မံပြီး မေးမြန်းတဲ့အခါ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှာ စိစစ်ဆောင်ရွက်နေတယ်ဆိုတဲ့အကြောင်း ပြန်ကြားချက်ကိုလည်းရပါတယ်။

အဲဒီတော့ ၃၀ - ၁ - ၂၀၂၀ ရက်နေ့ဆိုလို့ရှိရင် မြန်မာ့ကျောက်မျက် ရတနာဥပဒေ ကျွန်တော်တို့ကော်မတီက တင်သွင်းပြဋ္ဌာန်းထားပြီးသား ဥပဒေဟာ တစ်နှစ်ပြည့်သွားပါပြီ။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ တစ်နှစ်ပြည့်သွားပေမယ့်လည်း မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေ ထွက်ရှိနိုင်ခြင်းမရှိသေးပါဘူး။ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းနိုင်ခဲ့ပေမယ့် နည်းဥပဒေ မထွက်ရှိနိုင်ဘူးဆိုလို့ရှိရင် ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိနိုင်ပါဘူး။ အဲဒီအတွက် အခါအားလျော်စွာ ထုတ်ပြန်တဲ့ အမိန့်ကြော်ငြာစာ၊ စည်းမျဉ်းစည်းကမ်း ဥပဒေတွေထုတ်ပြန်ပြီးတော့မှပဲ ကျင့်သုံးနေရခြင်းဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေရေးဆွဲဆောင်ရွက်နေမှုအခြေအနေကို သိရှိလိုခြင်းနဲ့ အချိန်မည်မျှကြာအောင် ဆက်ရေးဆွဲ...။

**ဧရာဝတီတိုင်းဒေသကြီးအတွင်း လပွတ္တာမြို့နယ်နှင့် ငပုတောမြို့နယ်အတွင်း တိုက်နယ်(၉)နယ် (ဆားတိုက်နယ်)ရှိ ဆားတောင်သူ (၅၄၆)ဦးအား မြန်မာနိုင်ငံအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေရရှိရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၅။**

**ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း ဖြစ်ပါတယ်။ လပွတ္တာမြို့နယ်၊ ငပုတောမြို့နယ်မှာရှိတဲ့ ဆားတောင်သူ (၅၄၆)ဦးရဲ့ ဆားဖိုလုပ်ငန်းမှာ လုပ်နေတဲ့အလုပ်သမား (၂၅၀၀၀)ဦး COVID–19 ရောဂါကြောင့် လုပ်ငန်းတွေထိခိုက်ပြီး အလုပ်လက်မဲ့တွေဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်း အသေးစား၊ အလတ်စား SME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေ ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆားတောင်သူ (၅၄၆)ဦးမှာ အလုပ်လုပ်နေတဲ့ လယ်ကေပေါင်းက (၂၁၈၄၀)ကေရှိပြီးတော့ တစ်နှစ်ကို ဆားပိဿာသိန်းပေါင်း(၁၀၀၀)ကျော် ထွက်ပါတယ်။ အဲဒီမြို့နယ်တွေမှာ ဆားလုပ်ငန်းဟာ အရင်တုန်းက ဒုတိယကမ္ဘာစစ်မတိုင်ခင်တုန်းက ဆားချက်လုပ်ငန်းတွေလုပ်တယ်။ အဲဒီတုန်းက ကေ(၄၀)လောက်ရှိတယ်။ ကေ(၈၀)ဆိုတာ အလွန်ဆုံး၊ အများဆုံးပဲ။ နောက် လွတ်လပ်ရေးရတဲ့အခါကျတော့ ဆားချက်လုပ်ငန်းတွေကို ဆားခွန်တော်ဌာနက ဆားမင်းကြီးတို့ ဆားဝန်ထောက်တို့ကလုပ်တယ်။ အဲဒီတုန်းက ဆားတစ်ပိဿာ (၁၅)ပြားပဲရှိတယ်။ အဲဒီချက်ဆားကနေပြီးတော့ ၁၉၈၁ ခုနှစ်မှာ ထင်းတောတွေပြုန်းလို့ ချက်ဆားကို ထင်းနဲ့ချက်ရင် ထောင်ဒဏ်အထိ အပြစ်ပေးမှာကြောင့် နောက်ဆုံး နေလှန်းဆားလုပ်ငန်းပဲ အောင်မြင်သွားပါတယ်။

ဒါကြောင့်မို့ ဆားတောင်သူ (၅၄၆)ဦး လယ်ကေ (၄၀)ကနေပြီးတော့ အဆင့်ဆင့်လုပ်တာဟာ ဆားလယ်ကေ(၄၀)မှာ စက်ဆရာ၊ စာရင်းကိုင်၊ ပညာရှင်၊ ဆားချက်လုပ်သား (၁၀)ဦးလောက်ရှိပြီးတော့ အနည်းဆုံး(၁၅)ဦးကနေ ကေ(၄၀)ကနေအထက် (၆၀)၊ (၇၀)၊(၈၀)၊ (၉၀)၊ (၁၀၀) နောက် ကေ(၂၀၀)၊ (၃၀၀)ထိလုပ်တဲ့အခါကျတော့ လုပ်ငန်းတစ်ခုတစ်ခုမှာ ဆားကျုံးလုပ်သား (၃၀)

(၅၀)လောက်နဲ့ အလုပ်သမားအားလုံးပေါင်း (၅၀)လောက်ရှိပါတယ်။ အဲဒီတော့ အခုကိစ္စမှာ ကျွန်တော့်အနေနဲ့ တင်ပြရတာက အလုပ်လုပ်တဲ့အတွက် အသေးစား၊ အလတ်စား ဆားတောင်သူ တွေထဲမှာ ပါ ပါတယ်။ တကယ်တော့ ဒီ ဆားတောင်သူဟာ လယ်ယာလုပ်ငန်းပဲဖြစ်ပါတယ်။ ဒါပေမဲ့ နေလှန်းဆားလုပ်ငန်းဟာ တကယ်တော့ သမ္မာအာဇီဝလည်းကျတဲ့ လယ်ယာ လုပ်ငန်းမျိုးလည်း ဖြစ်ပါတယ်။ ယခုအခါမှာ သယံဇာတဓာတ်သတ္တုအဖြစ်နဲ့ အသိအမှတ်ပြုထားတဲ့အတွက် နိုင်ငံတော် အတွက် အခြေခံကုန်ထုတ်လုပ်ငန်းဖြစ်တဲ့ လုပ်သားအင်အား (၂၀၀၀၀)ကျော် မှီခိုနေတဲ့ လုပ်ငန်း လည်းဖြစ်တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ် ဖေဖော်ဝါရီလလောက်ကစပြီးတော့ ဆားကွင်းတွေက ပြင်ရတယ်။ ပြင်တဲ့အခါကျတော့ ငွေကျပ်သိန်းပေါင်း(၁၀၀)ကနေ (၂၀၀)ထိကုန်တယ်။ ယခုနှစ် ဖြစ်တာက COVID-19 က မတ်လ ၂၃ ရက် တည့်တည့်ကျ ဖြစ်နေတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းများ ရပ်ဆိုင်းသဖြင့် လုပ်ငန်းရာသီချိန်ဟာ ဆားထုတ်တဲ့အချိန် မတ်လကနေ ဧပြီလ (၂)လအတွင်းမှာ ကျတဲ့အခါကျတော့ နေပူရှိန်ပြင်းတဲ့အချိန်မှာ COVID-19 နဲ့ တည့်တည့်ကျတဲ့အတွက် ဆားတောင်သူ (၅၄၆)ဦးနှင့် မှီခို(၂၅၀၀၀)ကျော်ဟာ စားဝတ်နေရေး မပြေလည်ဖြစ်ရတယ်။ ဒါကြောင့် ဒီကိစ္စနဲ့ ပတ်သက်လို့ သတင်းကြားချက်အရဆိုလို့ရှိရင် အချို့နေရာတွေ မွန်ပြည်နယ်မှာ နေလှန်းဆားလုပ်ငန်း လုပ်ကိုင်သူ ဆားတောင်သူတွေကို အခုနက SME ကချေးတယ်လို့ သတင်းကြားတယ်။ ဖျာပုံဘက် မှာလည်း ဒီလိုပဲ ထုတ်ချေးတယ်လို့ သတင်းကြားတယ်။ အခု ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ စီးပွားရေး COVID-19 အလွန် New Normal ပုံစံနဲ့သွားမယ်လို့ အစိုးရရဲ့ခေါင်းဆောင်တွေက COVID-19 ကာလကို မြန်မာနိုင်ငံကို ရိက္ခာထုတ်လုပ်တဲ့ နိုင်ငံအဖြစ်နဲ့ သူတို့ ဥပမာတစ်ခုပေးထားတာ နယူးဇီလန်နိုင်ငံလို ရိက္ခာထုတ်လုပ်တဲ့နိုင်ငံအဖြစ် ဒါကို ဆန္ဒရှိတဲ့အကြောင်းကို ပြောပြီးတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကလည်း လူမှုကွန်ရက်မှာ ဒီကိစ္စတွေကို COVID-19 လိုထိခိုက်တဲ့ကိစ္စတွေမှာ လျော့ပါးရေးကို ဘယ်လိုကုစားမလဲလို့ ဒါတွေကို တင်ထားတာရှိတယ်။

ဒါကြောင့်မို့လို့ အခု ကျွန်တော့်အနေနဲ့ တင်ပြလိုတာက ဖျာပုံမြို့မှာ ပေးသလိုမျိုးပဲ ၂၀၂၁ ခုနှစ် ရာသီကုန်ခါနီးဆိုရင် နေလှန်းဆားလုပ်ငန်း ကြိုတင်ပြင်ဆင်ရမယ့် ဆားလုပ်ငန်းတွေကို စက်ဆရာ၊ စာရင်းကိုင်များ၏ စားဝတ်နေရေးကြိုတင်ပြင်ဆင်ရမှာဖြစ်တဲ့အတွက် COVID-19 အတွက် SME ကို ငွေ ထုတ်ချေးပေးဖို့ အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၄၀။**

**ဒေါက်တာရဲမြင့်ဆွေ (ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ မင်္ဂလာပါလို့ ဆုတောင်းမေတ္တာပို့ နှုတ်ဆက်ဂါရဝပြုအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးကျော်သီဟ ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဒုတိယဝန်ကြီး ဦးရဲမြင့်ဆွေ က ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန်နှင့် တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ၃၀-၁-၂၀၁၉ ရက်နေ့မှာ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၄)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေများ(မူကြမ်း)ကိုတော့ ကျောက်မျက်ရတနာကဏ္ဍမှာ လက်တွေ့ဆောင်ရွက်နေကြရတဲ့ လုပ်ငန်းများနဲ့ ဆီလျော်မှုရှိစေရေး၊ ခွင့်ပြုမိန့်၊ လိုင်စင်လျှောက်ထားခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲပြုစုခဲ့ပါတယ်။

မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေများ(မူကြမ်း) ရေးဆွဲနိုင်ရေးအတွက်လည်း ကျွန်တော်တို့ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ကချင်ပြည်နယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်များမှ ဒေသခံ လွှတ်တော်ကိုယ်စားလှယ်များ သံတမန်အဖွဲ့အစည်းများနဲ့ အစိုးရမဟုတ်တဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ကျောက်မျက်ရတနာလုပ်ငန်းနဲ့ ဆက်စပ်တဲ့လုပ်ငန်းဌာနများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနဲ့ မြို့နယ်အသင်းခွဲတွေကနေ ကိုယ်စားလှယ်များနဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အရာထမ်းတွေပါဝင်တဲ့ အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျွန်တော်တို့ ၁၇-၆-၂၀၁၉ ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကရရှိခဲ့တဲ့ ရလဒ်ကောက်နုတ်ချက်တွေအပေါ်ကို အသေးစိတ် စိစစ်သုံးသပ်ပြီး မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေ(မူကြမ်း)ကို ပြင်ဆင်ဖြည့်စွက်ပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနဲ့ ကျောက်မျက်ရတနာကဏ္ဍနဲ့ ဆက်စပ် နေတဲ့ဦးစီးဌာနတွေရဲ့ သဘောထားမှတ်ချက် အကြံပြုစာများကို ၂၁-၈-၂၀၁၉ ရက်နေ့

နောက်ဆုံးထား ပြန်ကြားပေးရန်ဆိုပြီး သဘောထားမှတ်ချက်တွေတောင်းခံခဲ့ရာ ပြန်ကြားပေးပို့လာတဲ့ သဘောထားမှတ်ချက်တွေနဲ့ အကြံပြုချက်တွေကိုလည်း ကျွန်တော်တို့ အသေးစိတ် လေ့လာစိစစ်သုံးသပ်ပြီး ဥပဒေရှုထောင့်ကနေ စိစစ်အကြံပြုပေးပါရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို သဘောထားမှတ်ချက် တောင်းခံရာမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးက သဘောထားမှတ်ချက်ပြုရန် မရှိကြောင်းကို ၂၅-၂-၂၀၂၀ ရက်နေ့မှာ ကျွန်တော်တို့ ပြန်ကြားရရှိခဲ့ပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး ပြန်ကြားချက်အတိုင်း ပြန်လည်ပြင်ဆင်ပြုစုထားတဲ့ မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေများ(မူကြမ်း)ကို အတည်ပြုနိုင်ရေးအတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ ၅-၃-၂၀၂၀ ရက်နေ့မှာ တင်ပြခဲ့တဲ့အခါမှာ အဆိုပါကော်မတီမှ ကျွန်တော်တို့ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီးသို့ ၁၂-၃-၂၀၂၀ ရက်နေ့မှာ ပေးပို့ထားပါကြောင်းနဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ၏ ဆုံးဖြတ်ချက် အတည်ပြုရရှိပါက ကျွန်တော်တို့ ပြည်ထောင်အစိုးရအဖွဲ့သို့ တင်ပြပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နှင့်အညီ မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေများ အတည်ပြု ထုတ်ပြန်နိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း ရဲ့ မေးခွန်းနှင့် ပတ်သက်ပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနဲ့ ပေါင်းစပ်ပြီးတော့မှ ကျွန်တော် ဒေါက်တာရဲမြင့်ဆွေ ဒုတိယဝန်ကြီးက ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား(၂)အရ ဆားနဲ့ဆားထွက်ပစ္စည်းဥပဒေနဲ့ နည်းဥပဒေတွေကို ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှာ ကျွန်တော်တို့ ပြဋ္ဌာန်းပြီးဖြစ်၍ ဆားထုတ်လုပ်ခွင့်လိုင်စင်တွေကိုလည်း သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲရုံးချုပ်ကနေ ခွင့်ပြုချထားပေးခြင်းမရှိဘဲနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲများက ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်ချထားပေးလျက်ရှိပါတယ်။

ကောက်ခံရရှိတဲ့ ဆားခွန်တွေကိုလည်း ကျွန်တော်တို့ ၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄၊ ဇယား(၅)အရ တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာရန်ပုံငွေအသီးသီးကို ပေးသွင်းလျက်ရှိပါတယ်။ လတ်တလောဖြစ်ပေါ်နေတဲ့ COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ စီးပွားရေး

သက်ရောက်မှုများကို ကုစားနိုင်ရေးအတွက် လုပ်ငန်းရှင်များသို့ ချေးငွေထုတ်ချေးတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး ဆားလုပ်ငန်းဌာနခွဲ ရုံးတာဝန်ခံများနဲ့ ဆက်သွယ်ညှိနှိုင်း မေးမြန်းခဲ့ရာမှာ ရောဝတီတိုင်းဒေသကြီးမှ ဆားတောင်သူ(၅)ဦး၊ မွန်ပြည်နယ်မှ ဆားတောင်သူ (၆)ဦးနဲ့ ရခိုင်ပြည်နယ်မှ ဆားကြိတ်စက်လုပ်ငန်းရှင်တစ်ဦးတို့ ချေးငွေရရှိခဲ့ကြောင်း သိရှိရပါတယ်။ ချေးငွေရရှိခဲ့တဲ့ ဆားတောင်သူတွေနဲ့ ဆားကြိတ်စက်လုပ်ငန်းရှင်များက Power Point မှာ ဖော်ပြထားတဲ့အတိုင်း စာရွက်စာတမ်း အထောက်အထားများနှင့်အတူ သက်ဆိုင်ရာကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းသို့ တင်ပြလျှောက်ထားသဖြင့် ချေးငွေရရှိခဲ့ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ စက်မှုကြီးကြပ်ရေးနဲ့ စစ်ဆေးရေးဦးစီးဌာနကလည်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများရရှိရေး၊ နည်းပညာအထောက်အပံ့ရရှိရေးနဲ့ ဈေးကွက် ရရှိရေးတို့ကို ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပြီး ချေးငွေ ရရှိရေးအတွက် ထောက်ခံချက်ထုတ်ပေးခြင်း၊ MSME Member Card ထုတ်ပေးခြင်း၊ သတင်းအချက် အလက်များပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာဘဏ်များမှ သတ်မှတ်ချက် များနှင့်အညီ စိစစ်ပြီးတော့မှ ထုတ်ချေးပေးလျက်ရှိပါတယ်။

MSME များသို့ ထုတ်ချေးပေးလျက်ရှိတဲ့ ချေးငွေအမျိုးအစားတွေကတော့ ကျွန်တော်တို့ JICA(ODA) MSME Two–Step Loan ချေးငွေ၊ MEB Loan ချေးငွေနဲ့ (CGI)Credit Guarantee Insurance Loan ချေးငွေများဖြစ်ပြီး အဆိုပါချေးငွေတွေကို အမျိုးအစားအလိုက် PFI(Participating Financial Institution) ဘဏ်(၁၁)ခုမှ ထုတ်ချေးလျက်ရှိပါတယ်။ MSME လုပ်ငန်းရှင်တွေကို ချေးငွေဆိုင်ရာအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက်လည်း ဆောင်ရွက်ပေး လျက်ရှိရာမှာ ကျွန်တော်တို့ သတင်းအချက်အလက်ဖြန့်ဝေပေးမှုအနေနဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ ချေးငွေဆိုင်ရာ အသိပညာပေးဆွေးနွေးမှုတွေကို (၁၀)ကြိမ်ကျင်းပနိုင်ခဲ့ပြီး လုပ်ငန်းရှင်စုစုပေါင်း (၇၇၈)ဦး တက်ရောက်ခဲ့တာရှိပါတယ်။ COVID–19 ကြောင့် ထိခိုက်နစ်နာမှုရှိတဲ့ နိုင်ငံသားပိုင်စီးပွားရေး လုပ်ငန်းများအတွက် နိုင်ငံတော်အစိုးရရဲ့ အတိုးနှုန်းသက်သာတဲ့ ချေးငွေအစီအစဉ်မှ ကျွန်တော်တို့ ပထမအကြိမ် ငွေကြေးအထောက်အပံ့များ ခွင့်ပြုပေးခဲ့ရာမှာ ဧရာဝတီတိုင်းဒေသကြီးမှာ ဆား လုပ်ငန်းရှင် (၅)ဦးအပါအဝင် လုပ်ငန်းရှင်(၂၆၂)ဦးအား ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကတော့ ဆားတောင်သူတွေအတွက် နေလှန်းဆား ချေးငွေတွေကို ၂၀၁၃ – ၂၀၁၄ ဘဏ္ဍာနှစ်အထိ ထုတ်ချေးပေးနိုင်ခဲ့ပေမယ့် ဘဏ်ရဲ့ရန်ပုံငွေအခြေအနေ အရ ၂၀၁၄ – ၂၀၁၅ ဘဏ္ဍာနှစ်ကစပြီး ထုတ်ချေးပေးနိုင်ခြင်း မရှိတော့ပါဘူး။ ကျွန်တော်တို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနဲ့ JICA တို့ ညှိနှိုင်းပြီး COVID–19 ကြောင့် ထိခိုက်နစ်နာမှုရှိတဲ့ MSME လုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးသွားမှာဖြစ်ကြောင်း ကျွန်တော်တို့ ၂–၆–၂၀၂၀ ရက်နေ့ ကြေးမုံသတင်းစာမှာလည်းကောင်း၊ နိုင်ငံတော်အစိုးရရဲ့ အတိုးနှုန်းသက်သာတဲ့ချေးငွေ

အစီအစဉ်မှ ဒုတိယအကြိမ်ချေးငွေကျပ် (၁၀၀)ဘီလီယံ ထပ်မံချေးထားပေးမည်ဖြစ်ကြောင်း ကိုလည်း ၂၈-၇-၂၀၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများမှာလည်းကောင်း အသိပေးဖော်ပြ ထားပြီးဖြစ်ပါတယ်။

COVID-19 Fund မှ ချေးငွေလျှောက်ထားလိုသူ လုပ်ငန်းရှင်များအနေနဲ့ လျှောက်လွှာ များကို Power Point မှာ ဖော်ပြထားတဲ့ Website တွေနဲ့ ရုံးလုပ်ငန်းဌာနတွေမှာ ရယူပြီး လျှောက်ထားနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆားတောင်သူများအနေနဲ့ COVID-19 Fund မှ ချေးငွေများကို ရယူလိုပါက အဆိုပြုလွှာပုံစံဖြည့်စွက်ပြီး စာရွက်စာတမ်းအထောက်အထားများနဲ့ အတူ သတ်မှတ်ကာလအတွင်း လျှောက်ထားနိုင်မှာဖြစ်ပါကြောင်းနဲ့ MSME ချေးငွေများကို ရယူ လိုပါက ချေးငွေအမျိုးအစားအလိုက် သက်ဆိုင်ရာ ဘဏ်များမှာ သတ်မှတ်စည်းကမ်းချက်များနှင့် အညီ အဆိုပြုလျှောက်ထားနိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀:၄၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကျောက်တော်မြို့နယ်အတွင်း အခြေခံပညာအဆင့် (၄)တန်း၊ (၈)တန်းနှင့် အခြားအတန်းများ စာမေးပွဲစစ်ဆေးမှုတွင် လုံခြုံရေးအခြေအနေအရ စာမေးပွဲဖြေဆိုခွင့် မရရှိခဲ့ကြသည့် ကျောင်းသား/ ကျောင်းသူများအတွက် လူငယ်များ၏ အနာဂတ်ပညာရေးကိုမျှော်ကိုးပြီး ပညာရေးဝန်ကြီးဌာန အနေဖြင့် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၉။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို သာလီစွပါလို့ ဦးစွာပထမဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျောက်တော်မြို့နယ်အတွင်း အခြေခံပညာအဆင့် (၄)တန်း၊ (၈)တန်းနှင့် အခြားအတန်းများ စာမေးပွဲစစ်ဆေးမှုတွင် လုံခြုံရေးအခြေအနေအရ စာမေးပွဲဖြေဆိုခွင့် မရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် လူငယ်များရဲ့ အနာဂတ်ပညာရေးကိုမျှော်ကိုးပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်တော်မြို့နယ်တွင် ပညာရေးနှင့်ပတ်သက်ပြီး အ.ထ.က (၁၀)ကျောင်း၊ အ.ထ.ကကျောင်း(ခွဲ)(၁၁)ကျောင်း၊ အ.လ.ကကျောင်း(၂၁)ကျောင်း၊ အ.လ.က(ခွဲ)(၂၂)ကျောင်း၊ မူလွန်ကျောင်း(၄၁)ကျောင်း၊ အ.မ.က(၁၁၈)ကျောင်း၊ အ.မ.က(ခွဲ) (၃၆)ကျောင်း၊ စုစုပေါင်း (၂၅၉)ကျောင်းရှိပါတယ်။ ကိုယ်ပိုင်စာသင်ကျောင်း(၆)ကျောင်းနဲ့ ဘ/ကကျောင်း(၈)ကျောင်းလည်း ရှိနေပါတယ်။ ကျောက်တော်မြို့နယ်အတွင်းမှာ ကျောင်းသားစုစုပေါင်း (၅၀၀၀၀)ကျော်ခန့် ပညာသင်ကြားလျက်ရှိနေကြောင်းလည်း သိရပါတယ်။

ယခုနှစ်အတွင်း ကျောက်တော်မြို့နယ်အတွင်းမှာ တိုက်ပွဲများဖြစ်ပွားလျက်ရှိနေပြီး စာသင်ကျောင်းများလည်း ယခုပညာသင်နှစ်အတွင်းမှာ ကောင်းမွန်စွာ ပညာသင်ကြားခွင့် မရရှိခဲ့ကြဘဲ တိုက်ပွဲများရှောင်တိမ်းရင်း ပညာသင်ကြားခဲ့ကြပါတယ်။ တချို့ကျောင်းများမှာ လုံးဝပိတ်လိုက်ရပြီး တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြပြီး နီးစပ်ရာကျောင်းများတွင် တက်ရောက်ပညာသင်ကြားခဲ့ကြောင်းလည်း သိရပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဖေဖော်ဝါရီလနောက်ဆုံးအပတ်မှ မတ်လအတွင်းမှာ ကျင်းပပြုလုပ်ခဲ့တဲ့ စာမေးပွဲအတွင်းမှာလည်း တိုက်ပွဲရှောင်ဘဝဖြင့် ပြေးလွှားရင်း စာမေးပွဲကို မဖြေဆိုလိုက်ရတဲ့ကျောင်းသား များစွာရှိနေကြောင်း သိရပါတယ်။

အထူးသဖြင့် (၄)တန်းနှင့် (၈)တန်းမှာ အစိုးရစစ်စာမေးပွဲအဖြစ် သတ်မှတ်ထားမှုကြောင့် (၄)တန်းနှင့် (၈)တန်းစာမေးပွဲမဖြေဆိုလိုက်ရတဲ့ ကျောင်းသားများအနေနဲ့ ရှေ့ဆက်တက်ရမည့် အတန်းများအတွက် စိုးရိမ်ပူပန်မှုများ ရှိနေကြပါတယ်။ ကျောက်တော်မြို့နယ်အတွင်း (၄)တန်းနှင့် (၈)တန်းစာမေးပွဲကို မဖြေဆိုလိုက်ရတဲ့ ကျောင်းပေါင်း(၂၀)ခန့်ရှိနေပြီး (၄)တန်းကျောင်းသား (၂၉၈)ဦး၊ (၈)တန်းကျောင်းသား(၁၉၁)ဦး ရှိနေကြောင်းလည်း သိရပါတယ်။ အဆိုပါ စာမေးပွဲ မဖြေဆိုလိုက်ရတဲ့ ကျောင်းများကို မြို့နယ်မှ စာမေးပွဲမေးခွန်းများ သွားပေးတဲ့အချိန်မှာ လုံခြုံရေးအခြေအနေအရ ရောက်ရှိအောင် မပို့ဆောင်နိုင်ခြင်းကြောင့် စာမေးပွဲဖြေဆိုနိုင်မှုမရရှိခဲ့ကြောင်းကိုလည်းသိရပါတယ်။

အဆိုပါကျောင်းများမှာ ကျောက်တော်မြို့နယ်ရဲ့ အရှေ့ဘက်ကုလားတန်မြစ်တစ်လျှောက်မှာရှိတဲ့ တင်းမ၊ ပြိုင်တိုင်၊ လောင်းရှည်၊ ကွမ်းဖွဲ့၊ မုံသန်းပြင်၊ ကျောက်တန်း၊ အောင်သာယာ၊

ကျော်ရှိပြင်၊ တပေါ်နှင့် မီးဝကျေးရွာများဖြစ်ပြီး စာသင်ကျောင်းများ အဓိကပါဝင်ကြောင်း သိရပါတယ်။ အဆိုပါ ကျေးရွာများအနီးတဝိုက်တွင် ယခုအချိန်အထိ တိုက်ပွဲများလည်း ဖြစ်ပွားလျက်ရှိပြီး တိုက်ပွဲရှောင်ဘဝအဖြစ် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်နေရလျက်ရှိပါတယ်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူများရဲ့ အနာဂတ် ရှေ့ဆက်ပညာရေးအခြေအနေကို မျှော်ကိုးပြီး ပြည်သူများကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျောက်တော်မြို့နယ်အတွင်း အခြေခံပညာအဆင့် (၄)တန်း၊ (၈)တန်းနှင့် အခြားအတန်းများ စာမေးပွဲစစ်ဆေးမှုတွင် လုံခြုံရေးအခြေအနေအရ စာမေးပွဲဖြေဆိုခွင့် မရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် လူငယ်များ၏ အနာဂတ်ပညာရေးကိုမျှော်ကိုးပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရောဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ကမ္ဘဲ့ညောင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား သတ်မှတ်ထားသော ခရီးမိုင်အကွာအဝေးနှင့် စည်းမျဉ်းစည်းကမ်း တချို့ကို ဖြေလျှော့ပြီး ၂၀၂၀-၂၀၂၁ စာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၃။**

**ဦးစခင်ဇော်လင်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရောဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်း၊ ကန်ကြီးထောင့်၊ သာပေါင်း(၃)မြို့ပါဝင်တဲ့ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစခင်ဇော်လင်း ဖြစ်ပါတယ်။ ဒီကနေ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ မေးမြန်းမယ့် မေးခွန်းကတော့ ရောဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ကမ္ဘဲ့ညောင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား သတ်မှတ်ထားသော ခရီးမိုင်အကွာအဝေးနှင့် စည်းမျဉ်းစည်းကမ်း တချို့ကို ဖြေလျှော့ပြီး လက်တွေ့မြေပြင် အခြေအနေအရ ကျောင်းသား၊ ကျောင်းသူများ သွားရေးလာရေးခက်ခဲမှုကို ထောက်ရှုပြီး လိုအပ်ချက်အရ လာမယ့် ၂၀၂၀-၂၀၂၁ စာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလို၍ မေးမြန်းမယ့် မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘဲ့ညောင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဟာ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ကမ္ဘဲ့ ညောင်ကုန်းကျေးရွာမှာ တည်ရှိပြီး ၁-၁၂-၁၉၅၃ ရက်နေ့မှာ အခြေခံပညာမူလတန်းကျောင်း၊ ၁-၆-၂၀၀၉ ရက်နေ့မှာ ကိုယ်ထူကိုယ်ထ မူလွန်ကျောင်း၊ ၁-၆-၂၀၁၄ ရက်နေ့မှာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) စသည်ဖြင့် အဆင့်ဆင့်သတ်မှတ်ဖွင့်လှစ်ခဲ့ပါတယ်။ ကမ္ဘဲ့ညောင်ကုန်း ကျေးရွာဟာ ကျေးရွာ(ခွဲ) (၄)ရွာပါဝင်ပြီး သာပေါင်းမြို့နယ်၊ စက်ဒေါင့်ကြီးကျေးရွာ အထက်တန်း ကျောင်းသို့ ကျေးရွာခွဲများအလိုက် (၂)မိုင်၊ (၃)မိုင်၊ (၃)မိုင် (၄)ဖာလုံ၊ (၄)မိုင် စတဲ့ အသီးသီး ကွာဝေးတဲ့လမ်းများကို ကျောင်းသား၊ ကျောင်းသူများဟာ မိုးတွင်းအခါမှာ ရွှံ့ဗွက်ပေါက်သော ကုန်းလမ်းဖြင့်လည်းကောင်း၊ ငွေကြေးအကုန်အကျများသော မော်တော်ဘုတ်များဖြင့်လည်းကောင်း စသည့် အခက်အခဲများဖြင့် နေ့စဉ်ကျောင်းသွားတက်ကြရပါတယ်။

မိုးရာသီမှာ ကုန်းလမ်းရော၊ ရေလမ်းပါ သွားရလာရသည်မှာ အဆင်မပြေပါ။ မိုးရာသီ မြစ်ရေကြီးချိန်မှာ ရေလမ်းက အလွန်အန္တရာယ်များပြီး စက်လှေစီးခကုန်ကျမှုကို မတတ်နိုင်ကြတဲ့ ကျောင်းသားတွေဟာ ရွှံ့ဗွက်ထူတဲ့ ဝေနရေကာတာပေါ်မှာ ညစ်ပတ်ပေရေစွာ၊ ပင်ပန်းကြီးစွာ စက်ဒေါင့်ကြီး အ.ထ.က သို့ ကျောင်းသွားတက်ကြရပါတယ်။ ဒီအခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဟာလည်း ကျေးရွာသူ၊ ကျေးရွာသားများက အလှူရှင်များရှာဖွေပြီး ဆောက်လုပ်ထားတဲ့ကျောင်း ဆောင်များ အပြည့်အစုံရှိနေပြီး ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူအရေအတွက်များ ဟာလည်း သတ်မှတ်အရေအတွက်နှင့် သင့်တင့်ကိုက်ညီစွာ ရှိနေပါတယ်။ ၁-၆-၂၀၁၄ ရက်နေ့မှာ ၎င်းကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်မြှင့်တင် သတ်မှတ်ဖွင့်လှစ် ခဲ့တဲ့အတွက် ယခုနှစ်ဆိုလျှင် (၆)နှစ် သက်တမ်းရှိပြီးဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်၊ မေလမှာ အလယ်တန်း အဆင့်တိုးမြှင့်ခံရတဲ့ကျောင်း (၁၄)ကျောင်း စာရင်းထွက်ပေါ်ခဲ့တဲ့အနက် အခြား(၁၃)ကျောင်းမှာ တိုးမြှင့်ခံရပြီး ကမ္ဘဲ့ညောင်ကုန်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ) ပယ်ချခံထားခဲ့ရပါတယ်။

တန်းစီဇယား (၁၄)ကျောင်းရှိသည့်အနက် ကမ္ဘဲ့ညောင်ကုန်းကျေးရွာ အ.လ.က(ခွဲ)က အမှတ်စဉ်(၆)ရှိပေမယ့်လည်း စက်ဒေါင့်ကြီး အ.ထ.က နှင့် (၂)မိုင်ကွာဝေးတဲ့အတွက် သက်ဆိုင်ရာ အထက်အဖွဲ့အစည်းက ချန်လှပ်ထားခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် သိရှိခဲ့ရပါတယ်။ တကယ်တော့ ဒီ ကမ္ဘဲ့ညောင်ကုန်းကျေးရွာ အ.လ.က(ခွဲ)ကျောင်းဟာ စက်ဒေါင့်ကြီးကျေးရွာ အထက်တန်းကျောင်းနဲ့ (၂)မိုင်သာကွာဝေးပေမယ့်လို့ လက်ရှိမြေပြင်အခြေအနေအရ ဆက်သွယ်ရေး မကောင်းသေးတဲ့ ရေကြီး၊ ရေလျှံဖြစ်လေ့ရှိတဲ့ဒေသ သွားရလာရခက်ခဲတဲ့ ဒေသဖြစ်နေ၍ ခရီးအကွာ အဝေးသတ်မှတ်ချက်များကို ဖြေလျှော့စဉ်းစားပေးသင့်ပါတယ်။

ဒီဒေသရှိ ကျောင်းသား၊ ကျောင်းသူများ လက်ရှိကြုံတွေ့နေရတဲ့ အခက်အခဲများကို ပညာရေးဌာနမှ တာဝန်ရှိသူများ ကိုယ်တိုင်ကွင်းဆင်းပြီး သွားရောက်ကြည့်ရှုလေ့လာသင့်ပါတယ်။

၂၀၁၉ ခုနှစ်၊ မေလမှာ အဆင့်တိုးမြှင့်ခံထားရတဲ့ အဆိုပါ ကျောင်းများကလည်း ကမ္ဘဲ့ညောင်ကုန်း ကျေးရွာ အ.လ.က(ခွဲ)ကျောင်းထက် သက်တမ်းနုသေးတဲ့အပြင် ကျောင်းဆောင်များလည်း အပြည့် အစုံမရှိသေးတာကိုတွေ့ရကြောင်း တိုင်ကြားစာများအရ သိရပါတယ်။ သို့ပါ၍ ဧရာဝတီတိုင်း ဒေသကြီး၊ သာပေါင်းမြို့နယ် ကမ္ဘဲ့ညောင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲအား သတ်မှတ်ထားသော ခရီးမိုင်အကွာအဝေးနှင့် စည်းမျဉ်းစည်းကမ်းတချို့ကို ဖြေလျှော့ပြီး လက်တွေ့ မြေပြင်အခြေအနေအရ ကျောင်းသား၊ ကျောင်းသူများ သွားရေးလာရေးခက်ခဲမှုကို ထောက်ရှုပြီး လိုအပ်ချက်အရ လာမယ့်၂၀၂၀–၂၀၂၁ စာသင်နှစ်မှာ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်မှုရှိ/မရှိ သိရှိလို၍ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရိုသေလေးစားစွာ မေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ ရှားတောကွင်းကျေးရွာအုပ်စု၊ တူးမြောင်း ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၁၀၀ x ၃၀)ပေ RCတစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၇။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ မင်းလှ၊ မိုးညို၊ အုတ်ဖိုတို့ရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ ရှားတောကွင်းကျေးရွာအုပ်စု၊ တူးမြောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)မှာ (၁၀၀ x ၃၀)ပေ RC တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တဲ့မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ ရှားတောကွင်းကျေးရွာအုပ်စု၊ တူးမြောင်းကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းကို ၁–၆–၁၉၅၈ ရက်နေ့မှာ မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၁–၆–၂၀၀၂ ရက်နေ့တွင် မူလွန်ကျောင်းအဖြစ်ရှိခဲ့ပြီး ၁–၆–၂၀၀၅ ရက်နေ့မှာ အ.လ.က(ခွဲ) ဖြစ်ခဲ့ပါတယ်။ ၁–၆– ၂၀၁၂ ရက်နေ့မှာ အခြေခံပညာအလယ်တန်းကျောင်းဖြစ်ခဲ့ပြီး ၁–၆–၂၀၁၉ ရက်နေ့တွင် အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်ဆင့်တိုးမြှင့်ခဲ့ပါတယ်။

ဒီကျောင်းမှာ ကျွန်တော်တို့ ကျောင်းသား၊ ကျောင်းသူပေါင်းအနေနဲ့ ကြည့်လို့ရှိရင် မူလတန်းကျောင်းသား၊ ကျောင်းသူပေါင်း (၂၂၉)ယောက်၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူပေါင်း (၁၆၆)ယောက်၊ အထက်တန်းကျောင်းသား၊ ကျောင်းသူပေါင်း(၂၁)ယောက် စုစုပေါင်း (၄၈၆)ဦးရှိပါတယ်။ စာသင်ကြားတဲ့ပုဂ္ဂိုလ်အနေနဲ့ကြည့်ရင် အထက်တန်းဆရာ၊ ဆရာမ(၃)ဦး၊ အလယ်တန်းပြဆရာ၊ ဆရာမ(၆)ဦးနှင့် မူလတန်းပြဆရာ၊ ဆရာမ(၅)ဦး စုစုပေါင်း(၁၄)ဦးရှိပါတယ်။ ဒီကျောင်းမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၆–၂၀၁၇ ခုနှစ်မှာ ကျပ်(၈၅)သိန်းနဲ့ (၁၀၀ x ၃၀)ပေ RC တစ်ထပ်မြင့်မိုရ်ကျောင်းဆောင်ကို ဆောက်လုပ်ပေးခဲ့ပြီးတော့ အခန်း(၃)ခန်း ပါဝင်ခဲ့ပါတယ်။ ၂၀၁၇–၂၀၁၈ ခုနှစ်မှာတော့ ပညာရေးဝန်ကြီးဌာနကပဲ ကျပ်(၃၂၄)သိန်း (၉၀ x ၃၀)ပေ RC တစ်ထပ် (၃)ခန်းပါ ဝေရတ်ကျောင်းဆောင်ကို ဆောက်လုပ်ပေးခဲ့တဲ့အတွက်ကြောင့် စုစုပေါင်း စာသင်ခန်းပေါင်း(၆)ခန်း ရှိပါတယ်။

သို့သော်လည်း ကျောင်းသားဦးရေနဲ့ဆိုလို့ရှိရင် စာသင်ခန်း (၁၁)ခန်းလောက်ရှိရမှာ ဖြစ်ပါတယ်။ တကယ်လို့ စာသင်ကျောင်းဆောင် ထပ်မံတိုးချဲ့ဆောက်မယ်ဆိုရင် ဒီကျောင်းဝန်းထဲမှာ ကျောင်းဝန်းရဲ့ (၂၉၀ x ၂၄၀)ပေရှိတဲ့အတွက်ကြောင့် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးဖို့လည်း မြေနေရာအလုံအလောက်ရှိပါတယ်။ တူးမြောင်းကျေးရွာ အ.ထ.က(ခွဲ)ရဲ့ ပတ်ဝန်းကျင်မှာဆိုလို့ရှိရင် ရှားတော ကွင်းကျေးရွာအုပ်စု၊ ပေါက်ကုန်းကျေးရွာအုပ်စုနဲ့ ဗျက်ကြီးကျေးရွာအုပ်စု သုံးအုပ်စု ရှိပါတယ်။ အနီးအနားကရွာတွေအနေနဲ့ဆိုရင် ကစွန်းအင်းကျေးရွာ၊ အထက်စုရွာ၊ ရွာမရွာ၊ သီတာအေးရွာ၊ အောင်သာယာရွာ၊ ပျဉ်ထောင်ကွင်းရွာနဲ့ ကျွန်တော်တို့ ပေါက်ကုန်းရွာ၊ တော်ကမန်ရွာ ဆိုပြီး ရွာ(၈)ရွာ ရှိပါတယ်။

ဒါကြောင့်မို့ ဒီ အ.ထ.က(ခွဲ)မှာဆိုရင် မူလ လက်ရှိကျောင်းသားများအပြင် နောက်ထပ် ပတ်ဝန်းကျင်က ကျေးရွာအုပ်စုတွေ၊ ကျေးရွာတွေက တိုးတက်လာတဲ့ ကျောင်းသားတွေနဲ့ဆိုရင် ကျောင်းဆောင်သစ်က အမှန်တကယ်လိုအပ်နေပါတယ်။ ဒါကြောင့်မို့လို့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ ရှားတောကွင်းကျေးရွာအုပ်စု၊ တူးမြောင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှာ (၁၀၀ x ၃၀)ပေ RC ကျောင်းဆောင် တစ်ထပ်ဆောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ စစ်တွေကွန်ပျူတာတက္ကသိုလ်တွင် တက်ရောက်နေကြသော ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာဖြင့် ပညာသင်ယူဆည်းပူးနိုင်ရန် လုံလောက်သောအဆောင် စီစဉ်ပေးနိုင်ရေးအတွက် လာမည့်နှစ်တွင် သင့်လျော်သော မြေနေရာအား သက်ဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်ပြီး အဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၀။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မေးခွန်းအား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်မတို့ ရခိုင်ပြည်နယ်၊ စစ်တွေကွန်ပျူတာတက္ကသိုလ်မှာ တက်ရောက်နေကြတဲ့ ကျောင်းသူ၊ ကျောင်းသားများ အဆင်ပြေစွာ ပညာဆည်းပူးသင်ယူနိုင်ရန် လုံလောက်သောအဆောင် စီစဉ်ပေးနိုင်ရေးအတွက် လာမည့်ဘဏ္ဍာနှစ် မှာ သင့်လျော်တဲ့မြေနေရာတစ်ခုအား သက်ဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်ပြီး အဆောင် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် သက်ဆိုင်တဲ့မေးခွန်း ဖြစ်ပါတယ်။

Power Point ဖြင့် တင်ပြခွင့်ပြုပါ။ စစ်တွေကွန်ပျူတာတက္ကသိုလ်ဟာ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်မှာ ကျောင်းသူ၊ ကျောင်းသား (၄၄၂)ဦး တက်ရောက်ပညာသင်ကြားနေကြပြီး ရခိုင်ပြည်နယ်အတွင်း မြို့နယ်အားလုံးအပြင် တခြားပြည်နယ်နှင့် တိုင်းဒေသကြီးမှ ကျောင်းသူ၊ ကျောင်းသားများလည်း တက်ရောက်လျက်ရှိပါတယ်။ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်မှာဆိုလို့ရှိရင် ပလက်ဝမြို့နယ်မှ (၂)ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ (၁၂)ဦး၊ ပဲခူးတိုင်းဒေသကြီးမှ (၂)ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ (၁)ဦး၊ ကရင်ပြည်နယ်မှ (၁)ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ (၁)ဦး အသီးသီး လာရောက်ပညာသင်ကြားလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်ရဲ့ ပထဝီဝင် အနေအထားအရသော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး အနေအထားအရသော်လည်းကောင်း ရခိုင်ပြည်နယ် နေရာအနှံ့အပြားက ကျောင်းသူ၊ ကျောင်းသားများဟာ စစ်တွေမြို့မှာရှိတဲ့ တက္ကသိုလ်များကို တက်ရောက်သင်ယူမယ်ဆိုရင် ကျောင်းသူ၊ ကျောင်းသား အများစုဟာ အိုးမကွာအိမ်မကွာ တက်ရောက်သင်ယူနိုင်တဲ့ အနေအထား မရှိပါဘူး။

ဥပမာဆိုရင် တောင်ကုတ်မြို့နယ်၊ ဂွမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ သံတွဲမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ပေါက်တောမြို့နယ်၊ အမ်းမြို့နယ် အစရှိတဲ့ မြို့နယ်တွေက

ကျောင်းသူ၊ ကျောင်းသားတွေဟာ စစ်တွေမှာရှိတဲ့ ကွန်ပျူတာတက္ကသိုလ်အပါအဝင် အခြားသော တက္ကသိုလ်တွေမှာ ပညာသင်တဲ့အခါမှာ ဆွေမျိုးနီးစပ်တော်သူများထံတွင်လည်းကောင်း၊ ပြင်ပ အဆောင်များမှာသော်လည်းကောင်း ငှားပြီးတော့ နေထိုင်ရတဲ့အခြေအနေကို စီစဉ်ရပါတယ်။ ပြင်ပအဆောင်များမှာ နေထိုင်တဲ့အခါ ပညာသင်စရိတ်တွေအပြင် နေထိုင်စားသောက်စရိတ်က ပိုမိုကုန်ကျတဲ့အတွက် ဝင်ငွေနည်းပါးတဲ့ မိသားစုအတွက်ဆိုလို့ရှိရင် အခက်အခဲ ဖြစ်ရပါတယ်။ စစ်တွေကွန်ပျူတာတက္ကသိုလ် အပါအဝင် အခြားတက္ကသိုလ်များမှ ကျောင်းသူ၊ ကျောင်းသားများ အတွက် အဆောင်စီစဉ်ပေးနိုင်မယ်ဆိုရင် မိဘများအတွက် ကုန်ကျစရိတ်များ သက်သာသွားနိုင်သလို ကျောင်းသူ၊ ကျောင်းသားအတွက်ကလည်း ကျောင်းတာဝန်ရှိသူတွေရဲ့ အနီးကပ် ဂရုစိုက်မှုအောက်မှာ စနစ်တကျနေထိုင်ပြီး ပညာရေးအပေါ်မှာ ပိုပြီးတော့ အာရုံစိုက်လာနိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက် မိဘတွေအနေနဲ့ များစွာစိတ်အေးချမ်းရမှာဖြစ်ပါတယ်။ ဒ့ါအပြင် တက္ကသိုလ်ကျောင်းမှ ပံ့ပိုးပေးတဲ့ အတွက် အားကစားကွင်းနှင့် အခြားအသုံးအဆောင်ပစ္စည်းတွေကိုလည်း မျှဝေနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျောင်းသားအချင်းချင်း စာပေများ ပူးပေါင်းလေ့လာရေး ဆောင်ရွက်နိုင် တဲ့အတွက် ချစ်ခင်ရင်းနှီးမှု၊ ပညာရည်တိုးတက်မှုတွေကို အတူတကွပညာသင်စဉ် အတောအတွင်းမှာ ရရှိမှာသာဖြစ်ပါတယ်။ လက်ရှိ စစ်တွေကွန်ပျူတာတက္ကသိုလ်မှာဆိုလို့ရှိရင် တက်ရောက်နေတဲ့ ကျောင်းသူ၊ ကျောင်းသားများအတွက် အဆောင်ရရှိမှုအခြေအနေမှာ လုံလောက်မှုမရှိတာတစ်ခု ရှိမယ်။ ပြင်ပနေရာ ငှားပြီးတော့ နေရတဲ့အတွက်ကြောင့် ကျောင်းသူ၊ ကျောင်းသားများ အခက်အခဲ ကြုံနေကြရကြောင်း သိရှိရပါတယ်။ ဒ့ါအပြင် ကျောင်းဝန်းအတွင်းမှာ နေရာအခက်အခဲများ ရှိလာနိုင် တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ စစ်တွေကွန်ပျူတာတက္ကသိုလ်မှာ တက်ရောက်နေကြတဲ့ ကျောင်းသူ၊ ကျောင်းသားများ ပညာသင်ကြားရေးမှာ လိုအပ်နေတဲ့ အဆောင်ရရှိမှု အခက်အခဲတွေကို ဖြေရှင်းဖို့အတွက် စစ်တွေမြို့မှာရှိတဲ့ သက်ဆိုင်ရာများအားလုံးမှာ လိုအပ်တဲ့တွေ့ဆုံဆွေးနွေးပွဲ ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်မည်ဖြစ်ပါတယ်။

ဒါက စစ်တွေကွန်ပျူတာတက္ကသိုလ်ရဲ့ မြေနေရာ၊ နယ်နိမိတ်၊ အကျယ်အဝန်းဖြစ်ပါတယ်။ ကွန်ပျူတာတက္ကသိုလ်သာရှိပေမယ့် နေရာအကျယ်အဝန်းက အင်မတန်ကျဉ်းပါတယ်။ ဒါကြောင့် ဒီ ကွန်ပျူတာတက္ကသိုလ်မှာ အဆောင်ဆောက်မယ် စီစဉ်တဲ့အခါတိုင်း မြေနေရာအခက်အခဲကို ဦးစွာ တင်ပြကြပါတယ်။ ဒါကတော့ ကွန်ပျူတာတက္ကသိုလ်ရဲ့ အဆောက်အအုံတစ်ခုဖြစ်ပါတယ်။ နေရာ အကျယ်အဝန်းကလည်း ကျဉ်းတာကို တွေ့ရတယ်။ ပတ်ဝန်းကျင်မှာ အဆောင်ဆောက်မယ်ဆိုရင် မြေနေရာ မလုံလောက်ဘူး ဆိုတာကိုလည်း ကျွန်မ လေ့လာတွေ့ရှိရပါတယ်။ ဒါဆိုလို့ရှိရင် ဝန်ထမ်း အိမ်ရာ သုံးထပ် (၆)ခန်းတွဲ ဒီတစ်ဆောင်ပဲရှိပါတယ်။ ဒါကြောင့်မို့လို စစ်တွေကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသူ၊ ကျောင်းသားများဟာ နေထိုင်စားသောက်မှု အဆင်ပြေစွာဖြင့် ပညာသင်ယူဆည်းပူး နိုင်ရေးအတွက် အဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်

ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

စစ်တွေကွန်ပျူတာတက္ကသိုလ် ကျောင်းဝန်းနယ်နိမိတ်၏ မြင်ကွင်းပုံ (ကက)



စစ်တွေကွန်ပျူတာတက္ကသိုလ်၏ မြင်ကွင်းပုံ (ကက-၁)



ဝန်ထမ်းအိမ်ရာ (ခြောက်ခန်းတွဲ၊ သုံးထပ်)၏ မြင်ကွင်းပုံ (ကက-၂)



**အချိန်၊ ၁၁:၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁:၀၄။**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန )။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ၏ မေးခွန်းဖြစ်သော ကျောက်တော်မြို့နယ်အတွင်း အခြေခံပညာအဆင့် (၄)တန်း၊ (၈)တန်းနှင့် အခြားအတန်းများ စာမေးပွဲ စစ်ဆေးမှုတွင် လုံခြုံရေးအခြေအနေအရ စာမေးပွဲဖြေဆိုခွင့် မရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် လူငယ်များ၏ အနာဂတ်ပညာရေးကိုမျှော်ကိုးပြီး ပညာရေးဝန်ကြီးဌာန အနေဖြင့် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းပြီး ဦးစွာ ဖြေကြားတင်ပြပါမယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်မှာ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၏ နှစ်ဆုံးစာမေးပွဲများကို ၂၄ - ၂ - ၂၀၂၀ ရက်နေ့မှ ၃ - ၃ - ၂၀၂၀ ရက်နေ့အထိ စစ်ဆေးခဲ့ပါတယ်။ သို့သော် ကိုယ်စားလှယ်ကြီး တင်ပြသကဲ့သို့ ကျောက်တော်မြို့နယ်၊ ကုလားတန်မြစ်၏ အထက်ပိုင်းနယ်မြေများ ဖြစ်သည့် မီးဝ၊ တင်းမ၊ ပြိုင်တိုင်နှင့် မာလာနယ်မြေတို့တွင် နယ်မြေဒေသ လုံခြုံမှုမရှိတဲ့အတွက် အခြေခံပညာကျောင်းပေါင်း (၁၉)ကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်း (၂)ကျောင်း၊ စုစုပေါင်း (၂၁) ကျောင်းတို့ရဲ့ (၄)တန်း၊ (၈)တန်းနှင့် အခြားအတန်းများရဲ့ စာမေးပွဲကို စစ်ဆေးခြင်းမပြုနိုင်ဘဲ ယာယီရပ်ဆိုင်းခဲ့ရပါကြောင်း တင်ပြအပ်ပါတယ်။ ဒီဒေသမှာရှိတဲ့ ကျေးရွာသူ၊ ကျေးရွာသားတို့မှာ မိမိရပ်ရွာများကို စွန့်ခွာပြီးတော့ နီးစပ်ရာဒေသများနှင့် ကျောက်တော်မြို့ပေါ်သို့ တိုက်ပွဲရှောင်များ အဖြစ် ပြောင်းရွှေ့နေထိုင်ခဲ့ရကြောင်း သိရပါတယ်။ ထိုကျေးရွာသူ၊ ကျေးရွာသားတို့မှာ ယခုအချိန်အထိ ယာယီစခန်းများဖြင့်သာ နေထိုင်ရဆဲဖြစ်ပြီး ၎င်းတို့၏အရပ်ဒေသသို့ မပြန်နိုင်သေးပါသဖြင့် အဆိုပါဒေသမှ ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲစစ်ဆေးရန် အခက်အခဲဖြစ်ခဲ့ရပါတယ်။

သို့သော် လူငယ်များရဲ့ ပညာရေး အခက်အခဲမရှိစေရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တွင် နယ်မြေအခြေအနေအရ စာမေးပွဲကျင်းပနိုင်ခြင်းမရှိတဲ့ စတုတ္ထတန်း ကျောင်းသား၊ ကျောင်းသူ (၂၉၈)ဦး၊ အခြေခံပညာအလယ်တန်း ပဉ္စမတန်း ကျောင်းသား၊ ကျောင်းသူ (၂၃၉)ဦး၊ ဆဋ္ဌမတန်း ကျောင်းသား၊ ကျောင်းသူ (၁၈၄)ဦး၊ သတ္တမတန်း ကျောင်းသား၊

ကျောင်းသူ (၂၁၇)ဦး၊ အဋ္ဌမတန်း ကျောင်းသား၊ ကျောင်းသူ(၁၉၁)ဦးနှင့် နဝမတန်း ကျောင်းသား၊ ကျောင်းသူ (၂၉)ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ (၁၁၅၈)ဦးအတွက် စာမေးပွဲများကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်း အခန်းဆုံးစစ်ဆေးခြင်း (၂)ကြိမ် ဇူလိုင်လနှင့် ဒီဇင်ဘာလ၊ အောက်တိုဘာလ နှစ်ဝက်စာမေးပွဲရမှတ်တို့နှင့် စုပေါင်းပြီး CPR စနစ်နဲ့ ၂၀၂၀ ပြည့်နှစ်၊ မေလ နောက်ဆုံးပတ်တွင် ကျောင်းသား၊ ကျောင်းသူ တစ်ဦးချင်းစီရမှတ်များကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ မြို့နယ်ပညာရေးမှူးရုံးရှိ အဖွဲ့ဝင်များမှ စိစစ်စစ်ဆေး၍ ၎င်းတို့ရဲ့ အောင်စာရင်းများကို ၁၃-၆-၂၀၂၀ ရက်နေ့တွင် အခြားကျောင်းသူ၊ ကျောင်းသားများနည်းတူ အောင်စာရင်းထုတ်ပြန် အောင်မြင်ခဲ့ပြီးဖြစ်ပါကြောင်း ရှိသေစွာ ရှင်းလင်းအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစခင်ဇော်လင်း ရဲ့ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ကမ္ဘဲ့ညောင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား သတ်မှတ်ထားသော ခရီးမိုင်အကွာအဝေးနှင့် စည်းမျဉ်းစည်းကမ်းတချို့ကို ဖြေလျှော့ပြီး ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်ကြီးရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်အတွင်းမှာ အခြေခံပညာမူလတန်းကျောင်း(ခွဲ) (၅)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၆)ကျောင်း၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း (၅)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၈)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (၆)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ပေါင်း (၁၀)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၄၀)ကျောင်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးတင်ပြတဲ့ သာပေါင်းမြို့နယ်၊ ကမ္ဘဲ့ညောင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းဆင့်သင်ကျောင်းသား၊ ကျောင်းသူ (၇၅)ဦးသာရှိပါတယ်။ ဒါ့အပြင် ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်းပဲ အနီးဆုံး အလယ်တန်းဆင့်သင်ကျောင်းဖြစ်တဲ့အတွက် စက်ဒေါင့်ကြီး အခြေခံပညာအထက်တန်းကျောင်းနှင့် ရာသီမရွေးသွားလာနိုင်တဲ့ ကုန်းလမ်းခရီး (၂)မိုင်ခန့်ကွာဝေးတာကို တွေ့ရပါတယ်။ သို့ပါ၍ ကျောင်းအဆင့်သက်တမ်းတိုးများဆောင်ရွက်ရာမှာ ကိုယ်စားလှယ်ကြီးရဲ့ မဲဆန္ဒနယ်မြေအတွင်း အခြားကျောင်းများရဲ့ လိုအပ်မှုများနှင့် နှိုင်းယှဉ်စိစစ်ပြီးမှ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ရဲ့ မေးခွန်းဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ ရှားတောကွင်းကျေးရွာအုပ်စု၊ တူးမြောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၁၀၀ x ၃၀)ပေ RC တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာရေးလျာထားချက်များသတ်မှတ်ရာမှာ ကိုယ်စားလှယ်ကြီးရဲ့ မဲဆန္ဒနယ် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်အတွက်တင်ပြသောကျောင်း (၈)ကျောင်း၊ အန္တရာယ်ရှိကျောင်းဆောင်ဟောင်းများ ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ရန် (၁၄)ကျောင်း၊ ရေစနစ်တည်ဆောက်ခြင်း (၃)ခု၊ စုစုပေါင်း (၂၅)ကျောင်းအတွက်ရန်ပုံငွေ ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။ ယခုတင်ပြတဲ့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တူးမြောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လက်ရှိ ကျောင်းသားဦးရေဟာ ကျောင်းဆောင်သစ် Type - C (၆၀ x ၃၀)ပေ Steel Structure (၁)ထပ်ဆောင်အဖြစ် ဆောင်ရွက်နိုင်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်း (၀၄၀၂)ခေါင်းစဉ်ကနေ စိစစ်ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ၏ မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ စစ်တွေကွန်ပျူတာတက္ကသိုလ်တွင် တက်ရောက်နေကြသော ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာဖြင့် ပညာသင်ယူဆည်းပူးလေ့လာနိုင်ရန် လုံလောက်သောအဆောင် စီစဉ်ပေးနိုင်ရေးအတွက် လာမည့်နှစ်တွင် သင့်လျော်သော မြေနေရာအား သက်ဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်ပြီး အဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ဆက်လက်တင်ပြသွားပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)ဟာ စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးပေါ်မှာ တည်ရှိပါတယ်။ အရှေ့ဘက်မှာ ရွှေနှလုံးတော်ခရစ်ယာန် ဘုရားကျောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ အနောက်ဘက်မှာ စစ်တွေနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ တောင်ဘက်တွင် ပြည်ထောင်စုလမ်းမကြီးနှင့် မြောက်ဘက်တွင် ပြည်တော်သာရပ်ကွက်၊ ဗိုလ်ကြီးဖိုးသာရွာမှ လူနေအိမ်များတည်ရှိပြီးတော့ တက္ကသိုလ်ပရဝဏ်မှာလည်း စုစုပေါင်း

ကိုယ်စားလှယ်တော်ကြီး Power Point မှာ တင်ပြထားတဲ့အတိုင်း (၄၀၀ x ၄၆၀)ပေ ခန့်သာရှိတဲ့ မြေနေရာလေးပဲ တည်ရှိပါတယ်။

လက်ရှိပညာသင်နှစ် ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)မှာ ဘွဲ့ကြိုသင်တန်း ကျောင်းသား (၂၃၈)ဦး၊ ကျောင်းသူ(၂၀၄)ဦး စုစုပေါင်း (၄၄၂)ဦး တက်ရောက်လျက်ရှိပြီး စစ်တွေမြို့နယ်တွင်းက တက်တဲ့ ကျောင်းသူ၊ ကျောင်းသား စုစုပေါင်း (၁၃၉)ဦး၊ (၃၁.၄)ရာခိုင်နှုန်းသာရှိပါတယ်။ ကျန်တဲ့ ကျောင်းသူ၊ ကျောင်းသား (၃၀၃)ဦး၊ (၆၈.၅၅)ရာခိုင်နှုန်းကတော့ စစ်တွေမြို့နယ် ပြင်ပမှလာရောက်ပြီး ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ ပြင်ပအဆောင်မှာ ငှားရမ်းနေထိုင်ရပါတယ်။ တက္ကသိုလ် တစ်ခုအတွင်း ကျောင်းသူ၊ ကျောင်းသားများကို အဆောင်လုံလုံလောက်လောက်နဲ့ Campus Life ဖန်တီးပေးရန်အတွက် မြေနေရာလေးဟာ တော်တော်လေးကျဉ်းနေတဲ့အတွက် ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

၁၈-၉-၂၀၁၈ ရက်စွဲပါစာအမှတ် ကပတ(စတ) /စီမံ/၂၀၁၈/၆၄၇ ဖြင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ကလည်း ၂၆-၉-၂၀၁၈ ရက်စွဲပါ စာအမှတ် (၁၂၃၀)/၄/၇-၁(လူမှု)/အဖရ(ရခိုင်)ဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီမှ မြေနေရာရှာဖွေ တင်ပြရန် ဆုံးဖြတ်ချက်ချပြီးဖြစ်တဲ့အတွက် မြေနေရာရရှိရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ သင့်တော်တဲ့ မြေနေရာလေးရရှိရန် လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးပါရန် ကျွန်တော် တင်ပြအပ်ပါတယ်။ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)မှာ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်တည်ဆောက်ရာတွင် တက္ကသိုလ်ဝန်းနှင့်တစ်ဆက်တစ်စပ်တည်း မြေနေရာရရင် အဆင်ပြေဆုံးဖြစ်ပါတယ်။ မရနိုင်ရင်လည်း မနီးလွန်း မဝေးလွန်းတဲ့နေရာများမှာ သင့်လျော်မည့် မြေနေရာရရှိဖို့လိုပါတယ်။ မြေနေရာရရှိသည်နှင့် တစ်ပြိုင်နက် ပညာရေးဝန်ကြီးဌာနမှ အဆောင် ဆောက်လုပ်ရေးအတွက် ဘဏ္ဍာငွေထည့်သွင်းလျာထား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာ ရှင်းလင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁:၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက်

ပုံမှန်အစည်းအဝေးထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၆။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး သာလီစွပါလို့ ဦးစွာ ပထမနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ အမျိုးသားလွှတ်တော်မှာ တင်သွင်းထားတဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာအပေါ်မှာ ထောက်ခံအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ လွှတ်တော်အတွက် အရေးကြီးတဲ့ကော်မတီတစ်ခုဖြစ်တာနှင့်အညီ ကျွန်တော်တို့ ကိုယ်စားလှယ်တွေအပေါ်မှာ မဲဆန္ဒရှင်ပြည်သူတွေရဲ့ ဆောင်ရွက်ပေးစေလိုတဲ့ တောင်းဆိုမှုများကို လွှတ်တော်ထဲမှနေပြီး တင်ပြတောင်းဆိုမှုကြောင့် ရရှိတဲ့ကတိတွေအပေါ် အကောင်အထည်ဖော်မှုတွေကို အဓိကစောင့်ကြည့်ထိန်းကျောင်းပေးနိုင်တဲ့ ကော်မတီတစ်ခုဖြစ်ပါတယ်။ ကော်မတီအနေဖြင့်လည်း ဒုတိယအကြိမ်လွှတ်တော်သက်တမ်း ကာလအတွင်းမှာ အစီရင်ခံစာ (၁၄)စောင်အထိ တင်နိုင်ခဲ့ပြီး ကျွန်တော့်အနေနဲ့လည်း ကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ (၈)ကြိမ်မြောက် ဆွေးနွေးပေးခြင်းဖြစ်ပါတယ်။ ကော်မတီ၏အစီရင်ခံစာအရ ပထမအကြိမ်လွှတ်တော်မှ (၁၆)ကြိမ်မြောက်လွှတ်တော်အထိ အဆို (၂၁)ခု ကြယ်ပွင့်ပြမေးခွန်း (၉၃၆)စောင်၊ ကြယ်ပွင့်မပြမေးခွန်း (၁၂၁၉)စောင်၊ စုစုပေါင်း ကတိ (၂၁၆၆)ခု အထိ ရှိနေခဲ့ပါတယ်။ ကတိပယ်ဖျက်မှုကတော့ (၁၇၅၆)ခုရှိတယ်လို့ ပါရှိပါတယ်။ လက်ကျန် ကတိ (၄၁၀)ကျန်နေပါတယ်။ (၄၁၀)မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက (၇၃)ခု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက (၂၄)ခု၊ ရခိုင်ပြည်နယ်အစိုးရက (၂၀) ကတိ အများဆုံး ကျန်နေတာကို တွေ့ရပါတယ်။

ဒီနေရာမှာ ကျွန်တော်ဆွေးနွေးလိုတာက ကျန်ရှိတဲ့ကတိ (၄၁၀)ခုကို လက်ရှိ အစိုးရမှ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက တတိယအကြိမ် လာမယ့်လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို စနစ်တကျလွှဲပြောင်းပေးမှာလား သို့မဟုတ် ကတိရှင် လွှတ်တော်ကိုယ်စားလှယ်ကို ပယ်ဖျက်ခိုင်းမှာလား။ ပထမအကြိမ်လွှတ်တော်နှင့် ဒုတိယ

အကြိမ်လွှတ်တော် အကူးအပြောင်းမှာတော့ ကတိရှင် လွှတ်တော်ကိုယ်စားလှယ်တွေကို ပယ်ဖျက်ခိုင်းတာတွေရှိခဲ့ပါတယ်။ နောင်လာမယ့်အစိုးရအနေနဲ့ရော အခုအစိုးရရဲ့ ကတိတွေကို တာဝန်ယူပြီး ဆောင်ရွက်ပေးမှာလား။ ဒါတွေကို အခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီအနေဖြင့် ရှင်းလင်းစွာ ဖြေရှင်းဆောင်ရွက်ပေးစေလိုပါတယ်။ ဒီကတိတွေက ပြည်သူတွေရဲ့အသံ ဖြစ်နေပါတယ်။ ကျွန်တော့်အနေဖြင့်လည်း ပထမအကြိမ်လွှတ်တော်မှ (၁၇)ကြိမ်မြောက်လွှတ်တော်အထိ မေးခွန်းပေါင်း (၁၀၂)စောင်အထိ မေးမြန်းခဲ့ပြီး ကတိလည်း များစွာ ရရှိခဲ့ပါတယ်။ ကတိများကိုလည်း ဆောင်ရွက်ပေးခဲ့တဲ့ကတိတွေကို ပယ်ဖျက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ဒါပေမဲ့ ကတိစာရင်းမှ ပယ်ဖျက်ပေးနိုင်ခြင်းမရှိတဲ့ မေးခွန်းတွေလည်း ကျန်နေပါသေးတယ်။ ဥပမာအနေဖြင့် ကျွန်တော် ပဉ္စမအကြိမ်လွှတ်တော်ကတည်းက မေးမြန်းခဲ့တဲ့ စပါးဆိပ်-ပင်လုံ-င/ထရံ လမ်းပေါ်မှာရှိတဲ့ တောင်မူဇီတံတား (၈၀)ပေနှင့် ဝပြန်တံတား(၁၃၀)ပေ (၂)စင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးမယ်လို့ ကတိခံခဲ့ပါတယ်။ တောင်မူဇီတံတား (၈၀)ပေကို ဆောင်ရွက်ပေးခဲ့ပြီး ဝပြန်တံတား(၁၃၀)ပေကို ယခုတိုင် လျာထားပြီး ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါဘူး။ တတိယအကြိမ် လွှတ်တော်ကတည်းက ကျောက်တော်မြို့နယ်၊ ကမ်းနားလမ်း ပလက်ဖောင်းအပါအဝင် (၂၄)ပေအကျယ် ကွန်ကရစ်ခင်းရန်ကိစ္စ ကတိဖြစ်ပေါ်ခဲ့ပြီး ယခုအချိန်အထိ ပြီးစီးမှုမရှိဘဲ လမ်းမှာလည်း အပိုင်းပိုင်းဖြစ်နေတဲ့အတွက် (၁၄)ကြိမ်မြောက်လွှတ်တော်တွင် ကျွန်တော်လည်း အရေးယူပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို ထပ်ပြီး မေးမြန်းခဲ့ရပါတယ်။ ယခုတိုင်လည်း ပြီးစီးမှုမရှိသေးပါ။

ပဉ္စမအကြိမ်လွှတ်တော်ထဲမှာ မေးမြန်းခဲ့တဲ့ ကျောက်တော်မြို့နယ်၊ မီးသတ်စခန်းမြေနေရာအဆောက်အဦဆောက်လုပ်ပေးရန်ဆိုတဲ့မေးခွန်းကို မေးမြန်းခဲ့ရာ ကတိဖြစ်ပေါ်ခဲ့တဲ့အတွက် အဲ့ဒီကတိလည်း ယခုတိုင်မြေပြင်မှာ ပြီးစီးမှုမရှိသေးတာကို တွေ့ရပါတယ်။ ဒါတွေက ဥပမာအချို့ကို ဖော်ပြခြင်းသာဖြစ်ပါတယ်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီမှာ ကော်မတီဝင်များလည်း ဝန်ကြီးဌာနမှ ရှင်းလင်းချက်များအရ ကတိပယ်ဖျက်ပေးရမလားဆိုတဲ့ မေးခွန်းကို ကျွန်တော်တို့ကို ဖုန်းနဲ့ မေးမြန်းတာမျိုးတွေရှိပါတယ်။ ကော်မတီဝင်များ မေးမြန်းခြင်းကိုတော့ လေးစားအားနာပါတယ်။ ကျွန်တော်တို့အနေနဲ့ ကိုယ်တောင်းဆိုတင်ပြထားတဲ့ ကတိတွေကို မြေပြင်မှာပြီးစီးမှုမရှိသေးတာ တွေ့နေရတဲ့အတွက် ကတိပယ်ဖျက်ပေးနိုင်ခြင်းမရှိသေးပါဘူး။

ကော်မတီရဲ့အစီရင်ခံစာ အပိုဒ် ၁၆(င)မှာပါရှိသလို ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ ယခုထက်ပိုမိုပြီး ချိတ်ဆက်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုချက်ကို ထောက်ခံပါတယ်။ အဲ့ဒီအတိုင်းပဲ မြို့နယ်အောက်ခြေအထိ ချိတ်ဆက်ဆောင်ရွက်သင့်ပါကြောင်း ထပ်မံအကြံပြုလိုပါတယ်။ ကော်မတီရဲ့အစီရင်ခံစာမှာ ပါဝင်တဲ့ သုံးသပ်ချက်အကြံပြု

ချက်များကောင်းမွန်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေဖြင့် အကြံပြုလိုတဲ့အချက်တစ်ချက်ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းတဲ့အဆို မေးခွန်းတွေထဲမှာ ကတိဖြစ်ပေါ်ပါက အဆိုပါကတိကို ဘတ်ဂျက်ငွေများဘဏ္ဍာနှစ်အလိုက်လျာထားပြီး ဆောင်ရွက်ပေးလိုက်ရုံနဲ့ ပြီးမြောက်နိုင်တဲ့ကတိတွေရှိသလို ဘဏ္ဍာငွေလျာထားစရာမလိုပဲ ဝန်ကြီးဌာနများအချင်းချင်း ချိတ်ဆက်ပြီး ဖြေရှင်းပေးရမယ့်ကတိတွေလည်းရှိပါတယ်။

အဆိုပါဌာနများ လုပ်ဆောင်ပေးရမယ့်ကတိတွေတောင်မှ နှစ်နဲ့ချီပြီး ပယ်ဖျက်ပေးရမယ့်ကတိတွေအများကြီးရှိပါတယ်။ ဥပမာ ကျွန်တော် ဒသမအကြိမ်လွှတ်တော်က မေးမြန်းခဲ့တဲ့ မြို့ပေါ်(၅)ရပ်ကွက် လ/ယ(၃၀) နဲ့ မြေခွန်ရရှိရေးကိစ္စနဲ့ ကျေးရွာအဖြစ်အသိအမှတ်ပြုပေးရေးကိစ္စများ၊ သစ်တောကြိုးဝိုင်း ပယ်ဖျက်ပေးရေးကိစ္စများ ဒီလိုဌာနတွေမှ ဆောင်ရွက်ပေးလိုက်ရုံနဲ့ ပယ်ဖျက်ရမည့်ကတိကိစ္စတွေကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေးအချက်တစ်ချက်အနေနဲ့ ပယ်ဖျက်ပေးသင့်ပါတယ်။ အခြားလွှတ်တော်ကိုယ်စားလှယ်များမှာလည်း ဒီလိုမေးခွန်းမျိုးတွေ များစွာရှိနေမှာ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် ကျွန်တော်တို့ လွှတ်တော်သက်တမ်းဟာ မကြာတော့တဲ့အချိန်မှာ ပြီးဆုံးတော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ လွှတ်တော်ကာလအတွင်း ပြည်သူတွေရဲ့ လိုအပ်ချက်တွေ၊ တောင်းဆိုမှုတွေကို လွှတ်တော်ကြီးမှာ တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးခဲ့ချင်တဲ့ဆန္ဒဖြစ်ပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ကျေပွန်ချင်တဲ့ ဆန္ဒကြောင့် ယခုလိုပဲ ဝေဖန်ထောက်ပြ ဆွေးနွေးလိုက်ခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၂၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၂။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်က မင်းဘူး(စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ်တို့ပါဝင်တဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ပါ။ ကျွန်တော့်အနေနဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အမျိုးသားလွှတ်တော်ကို ၂၅-၈-၂၀၂၀ ရက်နေ့က ဖတ်ကြားတင်သွင်းခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆိုမေးခွန်းများနှင့် စပ်လျဥ်းသည့် အစီရင်ခံစာအပေါ် ဒသမပုံမှန်အစည်းအဝေး ပထမနေ့က ကျွန်တော့်ရဲ့

ကြယ်ပွင့်ပြမေးခွန်းနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ကတိဖြစ်ခဲ့တဲ့ လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေကို ယှဉ်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျွန်တော် Power Point အသုံးပြု ဆွေးနွေးပါရစေ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပွင့်ဖြူမြို့နယ်၊ မုန်းဇလဲကျေးရွာရှိ ထန်းသားဖြင့်ပြုလုပ်ထားသော ချောင်းကူးတံတားနေရာတွင် အရည်အသွေး ပြည့်မီသည့်ကွန်ကရစ်တံတားအသစ် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် တည်ဆောက်ပေးပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းချက်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးက အဆိုပါတံတားကို ပေ(၁၀၀)ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးမယ်ဆိုရင် ကျေးရွာ(၈)ရွာ၊ အိမ်ထောင်စုပေါင်း(၁၅၀၀)ကျော်၊ လူဦးရေ (၆၀၀၀)ကျော်ကို တိုက်ရိုက်အကျိုးပြုမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မုန်းဇလဲချောင်းကူး တံတားမှာ လမ်းအဆင့်သတ်မှတ်ချက်များအရ Class(C) ဦးစားပေးအဆင့် (၁)တွင် ပါဝင်သောလမ်းပေါ်တွင် တည်ရှိသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်လို့ ဖြေကြားကတိဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုလွှတ်တော်မှ စိစစ်ဖြတ်တောက်သင့်တာတွေ စိစစ်ဖြတ်တောက်ပြီး ခွင့်ပြုသင့်တာတွေ ခွင့်ပြုခဲ့လို့ကတိဖြစ်ခဲ့တဲ့ ဒီတံတားကို ပေ(၁၀၀)ကွန်ကရစ် တံတားတည်ဆောက်ဖို့ ခွင့်ပြုအကောင်အထည်ဖော်တည်ဆောက်မယ်ဆိုတာ ကျွန်တော်သိရှိထားပါတယ်။

၃၀-၇-၂၀၂၀ ရက်နေ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ကတိဖြစ်ပေါ်ခဲ့တဲ့မေးခွန်းများနဲ့ စပ်လျဉ်းလို့ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၄-၈-၂၀၂၀ ရက်နေ့ တက်ရောက်ဖို့ ဖိတ်ကြားစာနှင့်အတူ ကော်မတီကို ဝန်ကြီးဌာနက ဖြေကြားချက်နှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေမှာ ကွန်ကရစ်တံတား (၁၀၀)ပေတည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောက်ရွက်လျက်ရှိရာ ပြီးစီးမှု (၄၀%) ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်ဟု သိရှိခဲ့ရပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပကတိ မြေပြင်မှာတော့ ကွန်ကရစ်တံတားမဟုတ်ဘဲ ဘေလီတံတားတည်ဆောက်နေတာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးရဲ့ ၁၀-၃-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၃၁၂/စမက-ကိန်းဂဏန်း/အထွေထွေ/မကတ/၁၉-၂၀ နဲ့ ညွှန်ကြားရေးမှူးချုပ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်ကို လုပ်ငန်းအမျိုးအစားနဲ့ အတိုင်းအတာပြောင်းလဲဆောင်ရွက် ခွင့်ပြုဖို့

တင်ပြတာနဲ့ မင်းဘူးခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံးရဲ့ ၂၄–၁–၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၁၂၂/စမက–ကိန်းဂဏန်း/အထွေထွေ/မဘခရ နဲ့ ညွှန်ကြားရေးမှူး(မြို့ပြ) ကျေးလက်လမ်းဦးစီးဌာန မကွေးမြို့ကို မူလ(၁၀၀)ပေ ကွန်ကရစ်တံတားအစား(၈၀)ပေ ဘေလီတံတားအဖြစ် လုပ်ငန်း ပြောင်းလဲ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြစာမှာ ဖော်ပြထားတာက လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းညွှန်ကြားရေးမှူး ဦးသိန်းစန်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာများဖြင့် ၁၆–၁–၂၀၂၀ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်ဟု ဖော်ပြချက်နှင့်အတူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၏ ကြယ်ပွင့်ပြမေးခွန်းအပေါ် အမျိုးသားလွှတ်တော်၌ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြစ်ပေါ်ခဲ့သည့် ကတိအတိုင်း တည်ဆောက်မည့် ကွန်ကရစ်တံတား လုပ်ငန်းတစ်ခုကို ပြောင်းလဲဆောင်ရွက်လိုတဲ့ တံတားလုပ်ငန်းစာရင်းအဖြစ် ပွင့်ဖြူမြို့၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဦးစီးအရာရှိ(မြို့ပြ)၊ ဆ/၄၁၁၃၊ မိမိလွင်/ ပွင့်ဖြူမြို့နယ် မဲဆန္ဒနယ်(၂) မကွေးတိုင်းဒေသကြီး၊ လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ ပွင့်ဖြူမဲဆန္ဒနယ်၊ မကွေးတိုင်းဒေသကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း တို့ (၃)ဦးတို့ရဲ့ စည်းတံဆိပ်၊ လက်မှတ်များနှင့်စာရင်း စာရွက်ကို တွေ့ရှိခဲ့ရပါတယ်။

မေးခွန်းရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကို မျက်ကွယ်ပြုလိုလျှင်တောင်မှ လွှတ်တော်ကတိကဝတ်နှင့် ပြည်ထောင်စုဘဏ္ဍာငွေနဲ့ အကောင်အထည်ဖော်တည်ဆောက်တဲ့ ကွန်ကရစ်တံတားပေအရှည် (၁၀၀)ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နဲ့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီး ဦးတင်နွယ်ဦး တို့က စည်းကမ်းဘောင်ကျော်ပြီး ဝင်ရောက်စွက်ဖက် ဆောင်ရွက် အကောင်အထည်ဖော်ခြင်းကို အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိ များနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအနေဖြင့် အစီရင်ခံစာ အပိုဒ်–၁၁၊ ဇယားအစဉ်(၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အပိုဒ်–၁၂၊ ဇယားအစဉ်(၁၀)၊ ကြယ်ပွင့်ပြ မေးခွန်းဖြစ်ပေါ်ခဲ့သည့် ကတိတို့ကို အစီရင်ခံစာအပိုဒ်–၁၆၊ သုံးသပ်အကြံပြုချက်၊ အပိုဒ်ခွဲ (က)၊ (င) နှင့် (စ)တို့အတိုင်း အကောင်အထည်ဖော် စိစစ်ဆောင်ရွက်ပေးစေလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၂၇။**

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့စပ်လျဉ်းပြီး အစိုးရ၏ အာမခံချက် များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက ပြန်လည်ရှင်းလင်း ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၇။**

**ဦးပြုံးလွင်(အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြုံးလွင် ဖြစ်ပြီး အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဝင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုလို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေး အထိ တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်း၍ အစီရင်ခံစာကို ဆွေးနွေး ခဲ့ကြပါသော ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် နဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း တို့ကို ကော်မတီရဲ့ ကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း ပဏာမ ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပထမအနေဖြင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ရဲ့ ဆွေးနွေးချက်အပေါ် ကျွန်တော်တို့ ဖြေရှင်းပေးရမယ်ဆိုလို့ရှိရင် ကော်မတီအနေဖြင့် (၈)ကြိမ်မြောက် ဆွေးနွေးတဲ့အတွက်လည်း အထူးကျေးဇူးတင်ရှိပါတယ်။ ဦးမြင့်နိုင် ပြောသွားတဲ့ အချက်ထဲမှာ ကျွန်တော်တို့ ပထမအကြိမ်မှစပြီးတော့ (၁၆)ကြိမ်မြောက်အထိ အဆိုမေးခွန်း အားလုံးပေါင်း (၂၁၆၆)ပုဒ်မှာ (၁၇၅၆)ပုဒ် ဆွေးနွေးပြီးဖြစ်ပါတယ်။ သို့သော် ကျန်ရှိနေတဲ့ ကျွန်တော်တို့ (၄၁၀) (၁၈.၉၃) ရာခိုင်နှုန်းနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ကော်မတီအနေဖြင့် လက်ကျန် သက်တမ်းကာလမှာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အကျေအလည်ဆွေးနွေးပေးပြီးတော့မှ ဝန်ကြီး ဌာနနဲ့ပတ်သက်တဲ့ အရာမှာသော်လည်းကောင်း တိုင်းဒေသကြီး/ ပြည်နယ်(၁၄)ခုမှာသော် လည်းကောင်း၊ ကျွန်တော်တို့ တတိယအကြိမ်ပုံမှန်အစည်းအဝေးအထိ ညှိနှိုင်းပူးပေါင်း ပေါင်းစပ်ပြီး တော့မှ သယ်ယူသွားနိုင်အောင်လို့လည်း ကျွန်တော့်တို့ ကော်မတီအနေဖြင့် အကြံဉာဏ်လေးတွေ ပေးသွားပါတယ်။

ဒုတိယအနေဖြင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း နှင့် ပတ်သက်ပြီးတော့မှ ပေ(၁၀၀) ကွန်ကရစ်တံတားနှင့်ပတ်သက်တဲ့ဟာကိုလည်းပဲ ကျွန်တော်တို့ ကျန်ရှိတဲ့ သက်တမ်းကလေးမှာ ကျွန်တော်တို့ကော်မတီအနေဖြင့် တက်ခွင့်ရလို့ အချိန်ရခဲ့ရင်သော် လည်းကောင်း၊ သို့မဟုတ် တက်ခွင့်မရခဲ့လို့ တကယ်လို့များ ကျွန်တော်တို့ ဆွေးနွေးခွင့်မရခဲ့ဘူး ဆိုရင်သော်လည်းကောင်း တတိယအကြိမ် အမျိုးသားလွှတ်တော်ကို ဆက်လက်ပြီးတော့မှ ညှိနှိုင်း ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ကော်မတီရဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၁:၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်း တို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆို တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၁။**

**ဦးပြုးလွင်(အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးထိ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဝင်ဖြစ်သူ ကျွန်တော် ဦးပြုးလွင် မှ အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁:၃၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေးထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၁:၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ (၁/၂၀၂၀)ကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်း တို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီက အဆို တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၃။**

**ဦးလှမြင့်(ခ) ဦးလှမြင့်သန်း (ဥက္ကဋ္ဌ၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာ ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၅-၈-၂၀၂၀ ရက်နေ့က အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့တဲ့ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာ ဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာ (၁/၂၀၂၀)ကို လွှတ်တော်ကြီးမှ သဘောတူလက်ခံပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ(၁/၂၀၂၀)ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ(၁/၂၀၂၀)ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၁:၃၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့မှ စတင်ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဟာ ဒီကနေ့ ပြီးဆုံးမှာဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကနေ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ ပုံမှန်အစည်းအဝေးတစ်ခု ပြီးဆုံးတိုင်း အဲဒီအစည်းအဝေးကာလရဲ့ ဆောင်ရွက်ချက်တွေကို ရှင်းလင်း ပြောကြားခဲ့သလို အခု (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်ချက် များကိုလည်း ရှင်းလင်းပြောကြားသွားပါမယ်။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့မှ ဩဂုတ်လ ၂၇ ရက်နေ့အထိ အစည်းအဝေးကျင်းပရက် (၁၂)ရက်အတွင်း အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက် ချက်များအနေနဲ့ –

**မေးခွန်းမေးမြန်းခြင်းကဏ္ဍမှာ –**

လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထုရဲ့ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း (၈၂)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၁၂၇)ခု တို့ကို မေးမြန်းခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ ဖြေကြားခြင်း တို့ကို ဆောင်ရွက်ခဲ့ပါတယ်။

**ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍအနေနဲ့ –**

အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားတဲ့ အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးပြီး ဥပဒေကြမ်း ကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့သော အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ဆေးပစ္စည်းကိရိယာ ဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာဖတ်ကြား တင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကာ ၎င်းတို့၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည် ကြားနာနိုင်ရန် ပေးပို့ခဲ့ပါတယ်။

**အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေး အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် –**

ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ ပါတယ်။

**ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေး အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် –**

အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးပြီး ဥပဒေကြမ်း ကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့သော အသေးစား ငွေရေးကြေးရေး ဥပဒေကြမ်းနှင့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်း သည့် ဥပဒေကြမ်းဖြစ်တဲ့ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း တင်သွင်းသည့် ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ပေးပို့ခဲ့ရာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပါတယ်။ ယင်းဥပဒေကို ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေး က ပြင်ဆင်ချက်အဆို တင်သွင်းလာသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအား လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍတွင် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း၏ ဓာတုဓာတ်ကြွင်းများကြောင့် ဖြစ်ပေါ်စေသော ဘေးထွက်ဆိုးကျိုးများ လျှော့ချခြင်းဆိုင်ရာ လေ့လာစိစစ်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၏ ကင်ဆာရောဂါ ဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများ လျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်ခြင်း စုံစမ်းလေ့လာမှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီ၏ ၁-၃-၂၀၁၈ ရက်နေ့မှ ၃၀-၇-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အကြံပြုဆွေးနွေးခြင်းနှင့်လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ ၁-၃-၂၀၁၈ ရက်နေ့မှ ၁၃-၇-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့်

အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာ ဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ (၁/၂၀၂၀)ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်က အတည်ပြုခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ (၁၃)ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ(၂)ကြိမ်၊ လွှတ်တော်အခွင့်အရေးကော်မတီ(၁)ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ (၂၃)ကြိမ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (၃)ကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ (၁)ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ (၄)ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ (၅)ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ (၄)ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ (၆)ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ (၆)ကြိမ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ (၁)ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ(၄)ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ (၅)ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ (၁)ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၃)ကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ (၃)ကြိမ်၊ စုစုပေါင်းကော်မတီအစည်းအဝေး (၈၅)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ အပြန်အလှန်ဆွေးနွေးပွဲ (Debate)ကို (၁)ကြိမ်ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတို(၄)စောင် ထုတ်ဝေခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်(၂၂)ဦးက သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းခဲ့မှု (၂၂)ခုအနက်(၁၇)ချက်ကို ရှာဖွေပေးခဲ့ပြီးဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပြီး မိမိတို့ဒေသရဲ့အကျိုး၊ နိုင်ငံတော်ရဲ့အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်းကြေညာခြင်း**

**အချိန်၊ ၁၁:၄၄။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။**　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၁:၄၄ နာရီအချိန်တွင် ရပ်နားပါသည်။]